


mgyoe.com

mgyoe.com

# စိန်စိန်

## ရှုမဝမကုန်ခင်းဝတ္ထုတိုများ(၃)

စိန်စိန်၏ ဝတ္ထုတိုလက်ရာမွန်
၈ ပုဒ်ပါဝင်သည်။

mgyoe.com

ss0006
2300.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မဒိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

ရှမဝမဂ္ဂဇင်းဝတ္ထုတိုများ(၃)
စိန်စိန် - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၅၊
စာမျက်နှာ ၁၇၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ရှမဝမဂ္ဂဇင်းဝတ္ထုတိုများ(၃)

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရှုမဝမဂ္ဂဇင်း ဝတ္ထုတိုများ(၃)

## စိန်စိန်

[illegible]

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

၁။ မအေးစိန်တို့အလှူ ၁
၂။ ကိုယ့်ကမ္ဘာ ၃၃
၃။ ငါ့ပိန္နဲပင် မပါစေနဲ့ ၅၅
၄။ တိမ်ခိုးငွေမင် ခြယ်ဆင်ပြမယ် ၉၀
၅။ လူတို့ဘုံဝယ် ၁၂၅
၆။ ဦးနှောက်နှင့် နှလုံးသားတို့ ပေါင်းလုလု ကာလဝယ် ၁၃၇
၇။ ဆင်မယဉ်သာ ၁၅၅
၈။ ခွင့်မလွှတ်ထိုက်သူ ၁၇၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မအေးစိန်တို့အလှူ

### (၁)

"ကျောင်း ရေစက်ချပွဲက ရှင်ပြု ရဟန်းခံပါတွဲပါသတဲ့" ဟူသော သတင်းကို အညာစုရပ်ကွက်တွင် ဝမ်းသာအားရ အိမ်တိုင်းက ပြောဆိုနေကြသည်။

"ထမင်းဟင်းလည်း ကျွေးမှာတဲ့၊ မုန့်ဟင်းခါးလည်း ကျွေးဦးမှာတဲ့" ဟူသော စကားကို စားချင်သောက်ချင်သူတို့က ရွှင်မြူးစွာ နောက်ဆက်တွဲ ပြောလိုက်ကြသေး၏။

"စိန်ပါတီတို့ အငြိမ့်လည်း ပါသေးသတဲ့..."

အပျော်အပါးကို တောင့်တနေကြသော လူပျိုကာလသားများ၊ လုံမပျိုများက ရွှင်လန်းအားရ အချင်းချင်း သတင်းလွှင့်နေကြသည်ကလည်း ပြောလို့မဝနိုင်၊ ကြားလို့ မမုန်းနိုင် ဖြစ်နေကြသည်။

အချိန်ကား... ဂျပန်ခေတ် စစ်ကာလ ခေတ္တအေးငြိမ်းနေခိုက် အခါက ဖြစ်၏။ နေရာကား... ရန်ကုန် ကမာရွတ်၊ ၆-မိုင် ခြံအတွင်းနေ အညာစုရပ်ကွက်၌ ဖြစ်သည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ထုံးစံမှာ အလှူတစ်ခုခု ပြုရလျှင် တိတ်တိတ်ဆိတ်ဆိတ် ခြောက်ကပ်ကပ်နှင့် သဘောကျလေ့မရှိသည်က မူတစ်ခုကဲ့သို့ ဖြစ်နေ၏။

mgyoe.com

mgyoe.com


ဘုန်းကြီးအတွက် ကျောင်းဆောက်လှူရာတွင် ကျောင်းပြီး၍ ဘုန်းကြီးတက်ရောက် သီတင်းသုံးနေပြီဖြစ်သော်လည်း မပြီးချင်ကြပေ။ ကျောင်းရေစက်ချပွဲ၊ ကျောင်းသာစုခေါ်ပွဲ ဟူ၍ ပြုလိုကြသေး၏။ သဘောသွားမှာ အလှူပြုဟူသည့် ပွဲကလေးတစ်ခုခုတော့ လုပ်လိုက်ရမှ ကျေနပ်လေ့ရှိကြသော မြန်မာတို့ ထုံးစံဟု ဆိုရပေမည်။

အလှူရေစက် လက်နှင့်မကွာဟူသော ရှေးပါရမီရှင်တို့၏ စိတ်ရင်းကဲ့သို့ သဘောထားပေလောဟု ယူဆလိုက ယူဆနိုင်ပါ၏။ သို့ရာတွင် ရံခါ တွေ့ကြုံရတတ်သည်ကား ချီးမွမ်းရန်ထက် စားပွဲသောက်ပွဲ ပျော်ရွှင်ပွဲတို့က လွှမ်းမိုးသွားတတ်လေရာ ပုထုဇဉ်တို့ဘာဝ လိုလားတတ်ကြသော ဓလေ့တစ်ခုဟုသာ ဆိုရန်ရှိပေသည်။ သို့ရာတွင် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊ စိတ်လည်း ပျော်ရွှင်ရအောင် ပြုလုပ်တတ်ကြသော လူမျိုးများပေ-ဟု ထုံးနေသော စရိုက်ကို မစွန့်နိုင်ကြောင်း ဖော်ပြရာရောက်ခြင်းသာ ဖြစ်၏။

ကျောင်းသာစုခေါ်ပွဲ လုပ်ကြမည်ဆိုသော်လည်း ကျောင်းကား ဧရာမ အုတ်တိုက်ကြီး မဟုတ်ပါ။ သွပ်မိုး ပျဉ်ထောင်ကာ နှစ်ထပ်ကျောင်းကြီးလည်း မဟုတ်ပါ။ ခြူးပန်းခြူးနွယ်တွေနှင့် စမုတ်ဆောင်များ ဝေဆာနေသော ပြာသာဒ်ကျောင်းလည်း မဟုတ်ပါ။ ကျယ်ပြန့်လှသော တစ်ထပ်ကျောင်းကြီးလည်း မဟုတ်သေးပါ။

လက်တွေ့မြင်ရသော ကျောင်းမှာ... ဓနိမိုး ဝါးထရံကာ ပျဉ်ခင်းထားသော ကျောင်းငယ်မျှသာ ဖြစ်၏။ သူ့ခေတ်နှင့်သူ့အခါ ရဟန်းတော်များ ဝါဆိုရန်အတွက် ဆောက်လှူလေ့ရှိကြသော ဝါဆိုတဲကျောင်းငယ်မျှဟု ဆိုရပေမည်။

ကျောင်းထိုင်ပုဂ္ဂိုလ်မှာ သာသနာရေးရာတွင် နိုင်ငံကျော်လျက်ရှိသော ဆရာတော် ဦးဥတ္တမစာရ ဖြစ်၏။ ကျောင်းဆောက်လုပ် လှူသူကား ရပ်ကွက်ခေါင်းဆောင်လူကြီး၊ ဆရာတော်၏ အစ်ကိုဝမ်းကွဲ ဒါယကာကြီး ဦးလွန်းရှိန်ဖြစ်သည်။ ဦးလွန်းရှိန်သည် ရပ်ရွာပေါင်းစု အများကောင်းမှုအဖြစ် ခေါင်းဆောင်၍ ဆောက်လုပ်ခြင်း ဖြစ်သောကြောင့် ရွာသားအများကောင်းမှု ဘုံကျောင်းကလေးမျှသာ ဖြစ်၏။

mgyoe.com

ဤသည့် ရပ်ရွာကောင်းမှု ခနိမိုး တဲကျောင်းကလေးကိုပင် ရေစက်ချပွဲ လုပ်လိုကြပါသေးသည်ဟု မူးစုပဲစု စေတနာရှင်များက ပွဲတောင်းနေကြပြန်သောကြောင့်၊ ရပ်ရွာခေါင်းဆောင် ဦးလွန်းရုံသည် သံဃာအားကို ဘုရားမဆန်သာ၍ လိုက်လျောရ၏။ ရပ်ရွာပေါင်းစု အများကောင်းမှုအဖြစ်နှင့်ပင် ကျောင်းရေစက်ချပွဲတော်ကြီး ကျင်းပရန် စီစဉ်လိုက်ရခြင်း ဖြစ်သည်။

ကျောင်း၏နာမည်ကို သုဇနကာရီကျောင်းဟု အမည်ပေး၍ ထိုရပ်ကွက်၏အမည်ကို အောင်ချမ်းသာရပ်ဟု ခေါ်တွင်ကြသည်။ ထိုရပ်ကွက်သို့ ထိုကျောင်းကလေး ရောက်လာရပုံအကြောင်းကလည်း ခေတ်နှင့်လျော်သော ဖြစ်ရပ်တစ်ခုပေ။

စစ်ကာလ၏ ဝိပ္ပတ္တိခေတ်ကြီးဝယ်… ဘယ်အရာမှ အတည်တကျမရှိချိန်တွင် အထက်အညာမှ ခရီးဆိုက်ရောက်လာသော ဆရာတော်ကို ကမာရွတ်ခြံတွင်းနေ ဆွေမျိုးတစ်စုတို့က အရအမိ ပင့်၍ တဲကျောင်းဆောင် လုပ်ပြီး တစ်ဝါတစ်ချိ သီတင်းသုံးနေစေကြ၏။ ဥယျာဉ်ခြံအတွင်း၌ ဖြစ်သည်။

သေရမည်၊ နေရမည်ကို ခွဲခြားမသိနိုင်အောင် ဖြစ်နေချိန်၌တွင် ဆွေမျိုးဒါယကာတို့ကို ခရီးကြုံခိုက် ချီးမြှောက်ပါဦးမည်ဟူသော နှလုံးထားဖြင့် ဆရာတော် ဦးဥတ္တမစာရသည် သည်းခံ၍ နေလိုက်၏။ ဆွေမျိုးတို့၏ ဆွမ်းကိုစား၍၊ တရားဓမ္မ ဟော၍၊ ဆိုဆုံးမ၍၊ ကောင်းကျိုးချမ်းသာကို ဖြစ်စေ၍ တစ်ဝါတွင်းပတ်လုံး ဆရာဒကာ နေခဲ့ကြသည်။

ဝါကျွတ်ပြီးနောက် မိုးလေကုန်လေလျှင် ရန်သူလေယာဉ်တို့သည် အုပ်ချီ၍ လာကြသည်။ ရန်ကုန်မြို့ကြီးနှင့်တကွ ပတ်ဝန်းကျင်ကို ဗုံးမိုးရွာချတော့သည်။ အေးနေခဲ့သော စစ်အခြေသည် ပူနွေး၍ လှုပ်ရှားလာကြသည်။ ထိုအခါ မြို့တွင်းနေ စစ်ဌာနသည် တောကောင်းရာ ခြံမြေကို ယူကာ ခြံတွင်းနေလူများကို နှင်လေတော့သည်။ စစ်မိန့်ကို ဘယ်သူမှ မငြင်းဆန်နိုင်၊ ကိုယ့်အိမ်ကိုယ်ဖျက်ပြီး သူတို့ သတ်မှတ်ရာ မြေကွက်မှ လွတ်ရာသို့ ရွှေ့ကြရ၏။

ဒကာများ ပြောင်းသွားကြသောအခါ ဘုန်းကြီးကျောင်းလည်း ချန်နေရစ်၍ မဖြစ်နိုင်။ ရပ်သေးစင်ပေါ်က ဘုန်းကြီးကဲ့သို့ မိမိကျောင်း မိမိကျောပိုး

mgyoe.com

ပြီး မပြောင်းနိုင်သောကြောင့် ကျောင်းကလေး ဖြိုဖျက်ကာ လှည်းနှင့်တင်၍ မောင်ပုတို့ နယ်မြေမှ ထွက်ခဲ့ကြရတော့သည်။

မြောက်ဘက် ဥသြခြံကြီးကို သိမ်းယူလိုက်သောအခါ ခြံတွင်းနေ လူအားလုံးသည် အနောက်ဘက်သို့ တချို့၊ တောင်ဘက်သို့ တချို့ ပြောင်းကြ၏။ ဆရာတော်၏ ဆွေမျိုးစုကြီးသည် တောင်ဘက်ခြံသို့ ရွှေ့ပြောင်းကြသောကြောင့် ဒကာများကို မှီခိုနေရသော ဘုန်းကြီးသည်လည်း ဒကာတို့ သွားရာသို့ လိုက်ရ၏။

လူများမှာ ကိုယ့်အိမ် ကိုယ်ဆောက်၍ ဖြစ်ကတတ်ဆန်း နေကြ၏။ ဘုန်းကြီးကား သူ့ကျောင်းသူဆောက်၍ မနေနိုင်၊ ဤနေရာတွင် ရုပ်သေးစင်ပေါ်က ဘုန်းကြီးနှင့် ခြားနားလိုက်လေခြင်းဟု ဆရာတော် တွေးမိပေသေး၏။

ရုပ်သေးစင်ပေါ်က ဘုန်းကြီးမှာ "မင်းတို့ပေါက်ကံမြေ မနေချင်ဘူး ကွာ... တယ်ရှုပ်တယ်၊ ငါ အင်းဝပြည် ပြောင်းတော့မယ်" ဟု ဆိုကာ သူ့ကျောင်းသူ ကျောပိုး၍ ရွှေ့သွား၏။ သစ်တစ်ပင်ကျော်မိလျှင် အင်းဝပြည်ဘက် ရောက်တော့သည်။ ရောက်လျှင် ကျောပိုးလာခဲ့သော ကျောင်းကလေး ချတဲ့ပြီး ထိုင်နေလိုက်ရုံ ဖြစ်၏။ ဘယ်လောက်လွယ်လိုက်ပါသလဲ...။

ငါ့မှာတော့ လှည်းနှင့် တင်ယူပြီး ပုံချထားသော ခနိုတွေ၊ တိုင်တွေ ဝါးခြမ်းတွေ ထရံတွေသာဖြစ်ရာ ဘယ်သို့မျှ မလုပ်တတ်၊ လူတွေမှာလည်း သူတို့အိမ် သူတို့ဆောက်ရ၊ နေ့စာ ညစာ ရှာဖွေရနှင့် ဘယ်သူမှ အားလပ်ခြင်း မရှိ။ သင်းတို့ကို ပူဆာ၍ မသင့်၊ အလိုက်သိစွာ နေရမည်။

လက်သမားငှား၍ ဆောက်ပါမည်ဟု ကြေးငွေ ထုတ်သုံးစရာလည်း မရှိ။ ငါ့အတွက် သိကြားမင်း၏ ဇဏ္ဍုကမ္ဗလာ တင်းမည် မဟုတ်သောကြောင့်၊ ဝိသုကြံနတ်သားကလည်း ခဏချင်းပြီးသော ကျောင်းသင်္ခမ်းကို လာရောက်ဖန်ဆင်းပေးလိမ့်မည် မဟုတ်ပေ။ ယင်းသို့ဖြင့် ငါ ဘာလုပ်ရပါမည်နည်း။

နယ်ပေါင်းစုံ လှည့်လည်ခဲ့ပြီးသော ဆရာတော်သည် သစ်ဝါးခနိုပုံကို ကြည့်၍ တွေးတောနေ၏။

ဒေသန္တရ ဗဟုသုတလည်း ရှိ၏။ ကျမ်းဂန်ဗဟုသုတနှင့်လည်း ပြည့်စုံ၏။ ကာလဒေသ အခြေအနေကိုလည်း နားလည်၏။ မိမိအတွက်နှင့်

mgyoe.com

mgyoe.com

သူတစ်ပါးကိုလည်း ဒုက္ခမပေးလို၊ ရပ်တစ်ပါးသို့ ရှောင်၍သွားပါတော့မည် ဆိုပြန်ကလည်း ဤဒကာ ဒကာမတို့ ဝမ်းနည်းရာပေမည်။

သင်းတို့လည်း မပင်ပန်း၊ ငါလည်း ချမ်းသာစွာ နေဖြစ်နိုင်သော နည်းရှိလျှင် ကောင်း၏ဟု ကြံ၏။ ကြံပြီး ထိုမှ ဤမှနေရန် ရှာကြံကြည့်၏။ ခေတ်ပျက်ကာလတွင် ပင်လယ်ကမ်းခြေမှ ဝင်ကစွပ်ကောင်များကဲ့သို့ လူမရှိသော အိမ်တွေတိုက်တွေ ဝင်နေကြသော လူများကို မြင်နေရ၏။ ငါလည်း ယင်းသို့ နေရလျှင် ကောင်းပေရာ၏ ဟု အကြံရ၏။

ဒါယကာများနှင့် မနီးမဝေးသောနေရာတွင် အင်္ဂလိပ်တိုက်ငယ်တစ်လုံး သည် လူသူကင်းမဲ့လျက် ရှိ၏။ တံခါးပိတ်များတော့ မရှိ၊ လိုချင်သူ ဖြုတ်ယူသွားဟန် တူ၏။ သို့ရာတွင် "ခေတ္တပဲ နေလို့ဖြစ်ပါတယ်" ဟု နှလုံးပိုက်ကာ ထိုတိုက်ကို ပံ့သကူ ကောက်၍ ကျောင်းအမှတ်နှင့် တက်နေ လိုက်တော့သည်။

"တို့ဆရာတော်က တယ်ခေတ်မီတာပဲ" ဟု ဒကာများက ချီးကျူး ကြ၏။ မိတ်ဆွေဘုန်းကြီးများ အလည်အပတ် ရောက်လာကြသောအခါ "အရှင်ဘုရားရဲ့ ပံ့သကူတိုက်က တယ်နေရာကျပါလား" ဟု ပြောကြ သေး၏။

တွေးကြောက်တတ်သော ဒကာအချို့က "ဘုမသိ ဘမသိနဲ့ အင်္ဂလိပ်တိုက်ပေါ် ဘုန်းကြီးတက်နေလို့ ဖြစ်ပါ့မလား" ဟု ဆိုကြ၏။

ဆရာတော်ကား မဖြု၊ တိုက်ရှင် အင်္ဂလိပ်သည် ခြေဦးတည့်ရာ ထွက်ပြေးသွားလေပြီ။ ဘယ်ဆီရောက်နေသည်မသိ။ သေသည်၊ ရှင်သည် လည်း မသိနိုင်ပေ။ တိုက်အား၊ အိမ်အားဟူသမျှ သာလာယံဇရပ် ဖြစ်နေကြ သည်။ အလုပ်သမား ကူလီလူငှား လူသာမန်တို့ပင် တွေ့ရသမျှ တိုက်တွေ ပေါ် တက်နေနိုင်ကြသေးလျှင် ငါကဲ့သို့သော ပုဂ္ဂိုလ်တစ်ပါးကော အဘယ့် ကြောင့် မနေနိုင်ဘဲ ရှိရမည်နည်း။

ဤသို့ခေတ်အကြောင်းနှင့် ဒေသအခြေအနေကို နားလည်ထားပြီး သော ဆရာတော်သည် ရဲရင့်စွာပင် အင်္ဂလိပ်တိုက်ပေါ်သို့ တက်၍ ပိုင်စိုး ပိုင်နင်း သီတင်းသုံးနေလိုက်လေသည်။ ခေတ်နောက်မကျသော ဆရာတော်

mgyoe.com

mgyoe.com

သည် ဘုန်းကြီးနေထိုင်ကြောင်း သိရန် 'ကျောင်း'ဟူသော စာတန်းကို ဂျပန်လို၊ ဗမာလို အက္ခရာနှစ်မျိုးနှင့် လှေကားအထက်နား၌ ရေးထားလိုက်သေး၏၊ ကဲ-ဘယ်သူက ဘာပြောချင်သေးသလဲ။ ကျောင်းဖြစ်ရော မဟုတ်လား။

ဘုန်းကြီးနေလျှင် ဘုန်းကြီးကျောင်း ဖြစ်ရမည် ဟူသော ဝစနတ္တနှင့်အညီ... တိုက်အထက်ထပ်တွင် ဘုရားဆင်းတုတော်နှင့်၊ ပိဋကတ်ဗီရိုနှင့်၊ ကျောင်းသားကိုရင်နှင့် စာပြလို့၊ ဘုရားရှိခိုးလို့၊ ကြေးစည်တီးလို့ နေ့စဉ် တွေ့မြင်ကြားနေကြရလေတော့သည်။

ယင်းသို့ပင် ဆောင်းရာသီ ကာလပတ်လုံးလည်းကောင်း၊ နွေရာသီ ကာလပတ်လုံးလည်းကောင်း ချမ်းမြေ့စွာ သာယာရွှင်ပြုံး သီတင်းသုံး နေထိုင်တော်မူလေသည်။ ချမ်းမြေ့စွာဆိုသော်လည်း အချက်ပေး ဥဩသံ နားထောင်၊ လေယာဉ်ပျံကို သတိထား၍ ဗုံးရှောင်နေရခြင်းတော့ မလွတ်၊ ဗုံးဘေး စက်သေနတ်ဘေးမှ လွတ်ကင်းခြင်းကိုပင် ချမ်းမြေ့စွာ ဆိုရသည်။

ဖြစ်သမျှအကြောင်း အကောင်းချည်း ဟူသကဲ့သို့ ဥဩခြံအတွင်းမှ ပြောင်းရွှေ့ခဲ့ရသော်လည်း ငါ့အဖို့ သာတောင် နေရာကျသေး၏ ဟု ဆရာတော်က မှတ်ချက် ချလိုက်သည်။

မှန်၏။ ဟိုနေရာ၌ ဝါးကျောင်းကလေးမျှသာ။ ဤနေရာကား... ပြေးလေသူ ဒကာတော် အင်္ဂလိပ်တို့ ဆောက်လုပ်ထားသော အုတ်တိုက် ဖြစ်၏။ သန့်ပြန့်၏။ နေရင်းထိုင်ရင်း နှစ်သက်၍ နေပေသေးသည်။ ဤနေရာတော့ဖြင့် မောင်ပုတို့ နှောင့်ယှက်ခြင်း ကင်းကောင်းပါ၏။ ကြာကြာ နေရကောင်းပါ၏ဟု မှတ်ထင်ထားလိုက်သည်။

သို့ရာတွင် ထိုထင်မြင်ချက် မမှန်ချေ။ တစ်နွေကုန်ပြီးသောအခါ မောင်ပုတို့ ရောက်လာချေပြီ။ စစ်ဘက်ကမဟုတ်၊ စစ်နောက်ပါ ထောက်ပံ့ရေး ကုမ္ပဏီဆိုသူတို့ ဖြစ်၏။ သူတို့က နေရာကောင်းဟူသမျှ လက်ညှိုးထိုး၍ ပိုင်စိုးနေကြသောအခါပေ။ ဆရာတော်နေသော တိုက်ကို လာကြည့်ပြီးလျှင် သဘောတော်ကျသွားကြ၍ စစ်မိန့်နှင့် သိမ်းလေတော့သည်။ တခြားနေရာသို့ ပြောင်းရွှေ့ရန် ပြောသွားသော်လည်း ကြံဖန် ကျေးဇူးတင်ရပေသေး၏။

mgyoe.com

mgyoe.com

ချက်ချင်း နှင်မချဘဲ ရက်ချိန်းပိုင်းခြားထားသဖြင့် စီစဉ်ခွင့်ရပေသည်။ ဝါဆိုလဆန်း ၃ ရက်နေ့သည် နောက်ဆုံးရက် ဖြစ်၏။ ကျောင်းကလည်း မဆောက်ရသေး၊ ပုံသကူတိုက်လည်း ရရန်မရှိတော့သဖြင့် ထိုနေ့ ၁၂ နာရီအချိန်တွင် စာပေ ပိဋကတ် တို့နှင့်တကွ ကျောင်းဧထောင် ပရိဘောဂ အားလုံးကို ကျောင်းသားများနှင့် ဒကာများက ထမ်းပိုး၍ အခိုက်အတန့်မှာ တစ်နေရာ၌ ချထားကာ ခေတ္တ တည်းခိုနားနေလိုက်ရ၏။

ဟင်... ရွှေ့ရပြောင်းရနှင့် မောပါ့၊ ရှေးဘဝတို့က ရက္ခစိုးများနေသော သစ်တောကို ခုတ်လှဲရန် အမိန့်ပေးခဲ့ဖူးသော သစ်တောအရာရှိပင် ဖြစ်ခဲ့လေသလော၊ ဒါကြောင့် ဝဋ်လည်သည် ထင်၏။

ပုံချထားသော စာအုပ်တွေ၊ ကျောင်းပရိဘောဂတွေအနား၌ သင်ဖြူးကလေး တစ်ချပ်ခင်းကာ ထိုင်တဲ့ပြီး ဆရာတော်သည် ဤသို့ တွေးတောလိုက်မိပေသေးသည်။

## (၂)

ပုံသကူတိုက်မှ ပြောင်းရွှေ့ရတော့မည့် ရက်ချိန်းကို သိရပြီးသောအခါ ဒါယကာကြီး ဦးလွန်းရုံသည် ဆရာတော်ကို သူတို့နှင့် မကွဲမကွာ သီတင်းသုံးနေထိုင်ရန် လိုလား၍ ရပ်ရွာပေါ်ကို ကမကထပြုကာ ကျောင်းနေရာတစ်ခု စီစဉ်ရှာ၏။ သူတို့တစ်စုနေထိုင်ရာ၏ ခေါင်းရင်းဘက် အရှေ့မျက်နှာအရပ်တွင် ပြည်လမ်းမကြီးအနီး မရမ်းခြံကြီးထဲ၌ ကျောင်းနေရာသတ်မှတ်လိုက်ကြလေသည်။

မိုးရာသီရောက်ခဲ့ပြီ၊ ဝါဆိုရက်လည်း နီးခဲ့ပြီ၊ ဘုန်းကြီးနေရာလည်းချက်ချင်းလိုနေပြီ။ ထိုကြောင့် မြန်မြန် စီစဉ်ကြရမည်ဟု ရပ်ရွာခေါင်းဆောင်ဦးလွန်းရုံက စီမံ ပြောဆို၏။

လက်သမားမငှား၊ လက်မှု တတ်စွမ်းသူတို့က ဝင်ရောက် ကူညီ၍ အများကောင်းမှု ကာယကံမြောက် ဆောက်ကြ၏။ ၁၃၀၅ ခုနှစ် နယုန်လဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့တွင် စတင် ကျောင်းတိုင်စိုက်ထူ၍ ဦးဘိုးတင်ခေါင်းဆောင်ကာ တစ်ယောက်တစ်လက်နှင့် ဆောက်လုပ်ခဲ့ကြရာ ဝါဆိုလဆန်း ၇ ရက်နေ့တွင် အားလုံး ပြီးစီးသွားလေသည်။

mgyoe.com

mgyoe.com


''အခု ကျောင်းက အရင် ဥသြခြံတွင်းက ကျောင်းထက် ကောင်းတယ်၊ ခနိမိုးဖြစ်ပေမယ့် ပျဉ်ခင်း ဝါးထရံကာနဲ့ ခေတ်ပျက်ကာလ အတွင်းမှာ အတော်သပ်ရပ်ပါတယ်''

ဆရာတော်က ကျောင်းရှေ့ဘက် သစ်တိုပင်ကြီးအောက်မှ ရပ်လျက်ကြည့်ကာ အမိန့်ရှိလေသည်။ လက်သမား ဆရာကြီး ဦးဘိုးတင်သည် သဘောကျလှ၍ ပြုံးနေ၏။

ဆရာတော်သည် ခေတ်မီသော်လည်း ရှေးဆန်၏။ ကျောင်းပြီးလျှင် ဝါဆိုလဆန်း ၈-ရက်နေ့တွင် ရှေးဦးစွာ ဘုရားရုပ်တုတော်ကို ပင့်တင်၍ ထားနှင့်၏။ သူကိုယ်တိုင်မှာ ဝါဆိုလဆန်း (၁၀) ရက် တနင်္ဂနွေနေ့မှ တက်နေသည်။ အချိန်ကိုလည်း ဗေဒင်ကိန်းခန်းစကား ပြောလေ့ရှိသော ဒါယကာကြီးဦးဘိုးရှင်၏ လျှောက်ထားချက်အရ အောင်သာနေမွန်းတည့် မင်္ဂလာအချိန်ကို ယူကာ တက်ရောက်သီတင်းသုံးလေသည်။

ရှေးဆရာတော်ကြီးများသည် ကျောင်းသစ်တစ်ခုသို့ တက်ရောက်နေထိုင်ကြပုံမှာ အမှတ်တမဲ့ နေလေ့မရှိကြချေ။ ရှေးဘုန်းကြီးဆန်သော ဆရာတော်သည် ရှေးဆရာတော်ကြီးတို့၏ ထုံးတမ်းကို လိုက်နာလေ့ရှိ၏။ ရှေးဦးစွာ ကျောင်းနေရာပတ်ဝန်းကျင်အရပ်ကို စိတ်ညွှတ်၍ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်း၏။ ပြီးမှ ပိဋကတ်စာအုပ်များကို မန္တလေးစာသင်သား ရဟန်းတို့ ကဲ့သို့ပင် ပခုံး၌ နိုင်နိုင်သမျှ ထမ်းယူလျက် ကျောင်းသို့ တက်လေသည်။

အဓိပ္ပာယ်ကား- ငါသည် ဘုရားသားတော်ပီပီ ဘုရားဟော ဓမ္မခန်းတို့နှင့် မခွာ လေးစားစွာနေမည် ဟူ၍ ဖြစ်၏။

ဆရာတော် ထမ်းဆောင်လာသော စာအုပ်များကို ကျောင်းပေါ်မှ ပြင်ဆင်ခင်းကျင်း နေနှင့်သော ဒါယကာကိုငြိမ်းက ရိုသေစွာ ဆီးကြို၍ ယူလေသည်။ ဆရာတော်သည် ကျောင်းပေါ်သို့ ရောက်လျှင် ဘုရားကို ရှိခိုး၏။ ပန်း၊ ရေချမ်း ကပ်လှူ၏။ ဆီမီးပူဇော်၏။ မေတ္တာကို ဆက်၍ ပွားများ၏။ ရှေးဦးစွာ ပြုအပ်သော ပရိကမ္မများကို ပြုပြီးမှ အေးဆေးစွာ နေလိုက်သည်။ ယင်းသို့ နေရခြင်းသည် စိတ်နှလုံး ချမ်းမြေ့လှသည်ဟု ဆို၏။ ဤကား... လူဒါယကာတို့က ကျောင်းတင်ပွဲ မလုပ်လိုက်ကြရသော ဆရာတော်၏ ရှေးထုံးဆန်သည့် ကျောင်းတက်ပုံနည်းတစ်ရပ် ဖြစ်သည်။

mgyoe.com

mgyoe.com

ရိုးသား၍ ကောင်းမြတ်သော ရှေးဆရာတော်ကြီးတို့၏ ထုံးစဉ်ကို မြတ်နိုးလေ့ရှိသော ဆရာတော် ဦးဥတ္တမစာရသည် တိတ်ဆိတ် အေးချမ်းခြင်းကို နှစ်သက်၏။

ဗုံမောင်းတွေတီး၍ လှေယာဉ်၊ လှည်းယာဉ်တွေနှင့် ကြို့ဆို၍ ဝေါယာဉ်ကြီးတွေနှင့်ထမ်း၊ ရွှေထီးမိုး၍ ပင့်ခြင်းကို မနှစ်သက်၊ ကားကြီး ကားငယ်တွေနှင့် ကြို၊ အရပ်သူ အရပ်သားတွေ က,ကြ၊ ဒကာ ဒကာမတွေ ဝိုင်းအုံ ခြံရံ၍ လူတွေ စုရုံးစုရုံးနှင့် ပြုလုပ်လေ့ရှိကြသော ကျောင်းတင်ပွဲမျိုးကို မလိုလားပေ။ ယခုလို ပိဋကတ်စာအုပ်များကို ကိုယ်တိုင်ထမ်း၍ တစ်ပါးတည်း တိတ်ဆိတ်စွာ တက်ရောက်နေလိုက်ရခြင်းကို ချမ်းသာလှပေစွဟု နှစ်သိမ့်နေလေသည်။

စင်စစ်မှာ ဂနာမငြိမ်သော ထိုခေတ်၊ ကြောင်မ သားပြောင်းသကဲ့သို့ တောင်ရောက် မြောက်ရောက် မကြာခဏ ရွှေ့ပြောင်းနေကြရသော ထိုအချိန်၊ ကိုယ့်သိုက်မြုံ ကိုယ်ဖျက်၍ တစ်ဖန် နေရာသစ်ရှာပြီး ဆောက်လုပ်နေကြသော လူများသည် ကျောင်းတင်ပွဲ လုပ်ချင်လှပါသည် ဆိုဦးတော့ ဂရုတစိုက် လုပ်အားကြမည် မဟုတ်ပေ။

"အရှင်ဘုရားကျောင်းက ဘယ်လိုခေါ်ပါသလဲဘုရာ့"

ဤအမေးစကားကြောင့် ကျောင်းနာမည်ရှိရန် လိုနေကြောင်း ဆရာတော် သတိထားလိုက်၏။

ဘုန်းကြီးကျောင်းတွေ မှိုလိုပေါက်နေသော ရန်ကုန်ပတ်ဝန်းကျင်ဒေသတွင် ကျောင်းနာမည်ရှိရမည်။ တစ်ရွာတစ်ကျောင်းသာ ရှိသော တောရွာများကဲ့သို့ ကျောင်းကို နာမည်မပေးဘဲ ထား၍မဖြစ်၊ ကိုယ့်ကျောင်းကို ကိုယ့်စိတ်ကြိုက် နာမည်မပေးဘဲ ထားမိလျှင် သူတစ်ပါးက ခေါ်ချင်ရာခေါ်ကြသော နာမည်တစ်ခုခု တွင်သွားတတ်သည်။ ထိုအခါ မလိုလားအပ်သော အမည်ဖြစ်သော်လည်း ခံနေရတော့မည်။ ထိုကြောင့် ကျောင်းနာမည်ကိုတော့ ရှိစေဦးမှဟု စိတ်ကူးပေါ်ရာ ပါဠိလို 'သုဇနကာရီကျောင်း'ဟု အမည်ပေးလိုက်၏။

ကျောင်းအနီးရှိ လူနေရပ်ကွက်ကိုလည်း နာမည်မရှိလျှင် မဖြစ်သေးဟု စဉ်းစားမိပြန်၍ အောင်ချမ်းသာအရပ်ဟု ဆရာတော်က အမည်ပေးထား

mgyoe.com

mgyoe.com

လိုက်၏။ ထိုအရပ်သည် မုံရွာနယ်၊ ရွှေဘိုနယ် အညာသားတွေ အများအား ဖြင့် စုနေကြသောကြောင့် အောင်ချမ်းသာ အညာစုရပ်ဟု တွင်သွားလေ သည်။

ထိုကျောင်းတွင် ဆရာတော်သည် ငယ်စာသင်ဖက် သာရဝေါနယ် ဝဲကြီးရွာသား ဦးသောဘိတကြီးနှင့် ကျောင်းသား၊ ကိုရင်တို့ဖြင့် စည်ကားစွာ နေထိုင်လျက် ရှိ၏။ ကျောင်းဆောက်ပြီး၍ ပြောင်းရွှေ့နေထိုင်လိုက်ကြလျှင် ဝါဆိုရန် ရက်ကလည်း နီးကပ်လေပြီ။

သြော် ဘာလိုလိုနဲ့ တစ်ဝါဆိုရတော့မယ်၊ ရည်မှန်းရာသို့ကား မသွား ဖြစ်နိုင်သေး...။

ဆရာတော်သည် မူလခရီးစဉ်ကို သတိရမိပြန်လေ၏။ သထုံခရိုင် ထိန်ပင်ရွာ ကျောင်းမှ စာသင်တိုက်ဖွင့်ရန် မိတ်ဆွေကြီး ဦးဓမ္မသာရ၏ ပင့်ဖိတ်ခြင်းကို လက်ခံကတိပြုထားချက်အရ ထိုအရပ်သို့ သွားရန် ခရီး ထွက်လာခြင်း ဖြစ်သည်။

လူချင်း မတွေ့ရ၍ ဘာမျှကျိုးကြောင်း ပြောမပြနိုင်၊ တမျှော်မျှော် နေရှာကြမည်။ အားကိုးစွာနှင့် အထပ်ထပ် ပင့်ခေါ်ရှာသည်။

ထိုအဖြစ်ကို စိတ်ထဲက ညည်းတွားလိုက်၏။ အောင်းစိုင် ရွှေသမင် ကျောင်း စသည်တို့၌ ကျောင်းထိုင်နေကြမည်ဟု ထင်ရသော ဦးနရိန္ဒ၊ ဦးကုမာရ၊ ဦးသောဘိတ တို့ကိုလည်း သတိရနေ၏။ ပခုက္ကူ၌ အတူတကွ နေထိုင်ခဲ့ကြသော စာသင်ဖက် မိတ်ဆွေကောင်းများ ဖြစ်ကြသည်။

သထုံသား ကရင်ဘုန်းကြီး သဘောကောင်းတွေကို လွမ်းဆွတ်မိ ပေသည်။ သူတို့ရပ်ရွာသွား၍ တတ်နိုင်ရာက စာပေပရိယတ် ပို့ချခြင်းဖြင့် ကူညီမည်။ အားပေးချီးမြှင့်မည်ဟု ကြံပါလျက်၊ ခေတ်၏ အခြေအနေကြောင့် အထမမြောက်ဘဲ၊ ရန်ကုန်ကမာရွတ်၌ ဆွေမျိုးဒကာတွေကြောင့် သောင်တင် နေခဲ့သည်။ ဘာလိုလိုနှင့် ဤခြံထဲတွင် ကြောင်မ သားပြောင်းနည်းဖြင့် ၂-ဝါရှိတော့မည်ကို စိတ်ထဲက မြည်ကျူးနေလေသည်။ ဤကား အနာဂါရိက ပုဂ္ဂိုလ်များ၏ တောင့်တချက် သတိရချက်နှင့် ဖြူစင်သော အလွမ်းကလေး များ ဖြစ်သည်။

mgyoe.com

mgyoe.com

(၃)

ဆရာတော်သည် ဝါဆိုဝါကပ်ပြီး၍ ဝါခေါင်လသို့ ရောက်ခဲ့၏။ ဒါယကာကြီး ဦးလွန်းရုံ ခေါင်းဆောင်သော ဘုံကျောင်းဒကာတို့သည် ကျောင်းရေစက်ချပွဲ ပြုလုပ်ရန် စီစဉ်ကြလေပြီ။ ဝါခေါင်လပြည့် ဥပုသ်နေ့ ကို သတ်မှတ်လိုက်ကြသည်။

ကျောင်းရေစက်ချပွဲကို သတ်မှတ်လိုက်သောအခါ ထိုရပ်ကွက်အတွင်း နေ ဦးဘိုးဟန်-ဒေါ်အေးစိန် တို့က သူတို့သားကလေးကို ကျောင်းရေစက်ချပွဲ တွင် ရောပြီး ရှင်ပြုလုပ်ရန် အကြံဖြစ်ပေါ်လာကြ၏။ သူများထက် အလှူငွေ ပိုထည့်ပါမည်ဟု ခွင့်တောင်းသဖြင့် ဦးလွန်းရုံက ခွင့်ပြုလိုက်ရသည်။ သို့နှင့် ရှင်ပြုပွဲ ရော၍ ပါလာလေသည်။

"ရှင်ပြုပွဲ ရောပါလျှင် သာတောင် စည်ကားသေးရဲ့၊ အလှူငွေလည်း ပိုအားရှိလာသေးရဲ့"ဟု ရပ်ရွာလူထုက သဘောကျကြ၏။ ကျောင်းရေစက် ချပွဲတွင် ရောလိုက်ရတော့ အကုန်သက်သာသည်။ ကိုယ့်ချည်း သီးခြား အလှူလုပ်ရမယ် ဆိုတော့ မလွယ်ဘူး... အနည်းဆုံး ငွေတစ်ထောင်လောက် တော့ အကုန်ခံနိုင်မှ၊ အခုတော့ ဘယ်လောက်နေရာကျလိုက်ပါသလဲ၊ ရှင် ဆောင် ပရိက္ခရာဝယ်ရုံနဲ့ ဘုံအလှူထဲ တတ်နိုင်သမျှ နည်းနည်းပိုထည့်လိုက် ရုံပဲ" ဟု ကိုဘိုးဟန်၊ မအေးစိန်တို့ကလည်း ကျေနပ်နေကြ၏။

ထို့နောက် မအေးစိန်၏ မောင်ဝမ်းကွဲ အိမ်ထောင်ပျက် လူပျိုကြီး အသက် ၄၀ ကျော် ကိုဘိုးငွေသည် ဒုလ္လဘရဟန်း ခံချင်ပါသည်ဟု ကျောင်းရေစက်ချပွဲတွင် ရောပါလိုကြောင်း ပြောလာ၏။

"ဒီလိုဆိုရင် တို့ကပဲ ပရိက္ခရာ တာဝန်ယူပါ့မယ်၊ တို့က ရဟန်းဒကာ ခံပါ့မယ်" ဟု ကိုဘိုးဟန် မအေးစိန်တို့က ဝမ်းသာအားရ ကတိပေးကာ တာဝန်ယူလိုက်ကြ၏။

"ဘာခက်သလဲ၊ ကျောင်းရေစက်ချပွဲထဲရောတာပဲ၊ ပရိက္ခရာတစ်စုံ ဝယ်ပေးရုံပဲ မဟုတ်လား" ဟု ရဟန်းဒကာလောင်း မအေးစိန်တို့က တွက်ဆထားကြသည်။

mgyoe.com

mgyoe.com

ထို့နောက် ခရမ်းနယ်သား ကိုဘစိန်ဆိုသူ အသက် ၃၀ ကျော် လူပျိုကြီးစစ်စစ်ကလည်း ဒုလ္လဘရဟန်းခံလိုကြောင်း ပြောနေပြန်၏။ ၎င်းသည် သူ၏နမ-မပု၊ ယောက်ဖ-ကိုအေးတို့ အိမ်၌ ခေတ္တတည်းခိုနေသူဖြစ်ရာ ဒုလ္လဘရဟန်းဒကာ အထူးရှာရန် မလိုပေ။

''ဒီလိုဆိုရင် ဝမ်းသာပါတယ်၊ တို့ကပဲ ရဟန်းဒကာ ခံပါ့မယ်၊ ဘာမှ မပူပါနဲ့''

ယောက်ဖတော်၊ နမတော် ကိုအေး-မပု တို့က ပရိက္ခရာ စသည် တာဝန်ယူ၍ ကျောင်းရေစက်ချပွဲတွင် ရောလိုက်ကြရန် စီစဉ်ကြပြန်၏။ ဦးလွန်းရုံနှင့် ရပ်ရွာကလည်း သဘောတူ ခွင့်ပြုကြ၏။ သို့ဖြင့် ကျောင်းရေစက်ချပွဲသည် ရှင်ပြုရဟန်းခံပါ ပေါင်း၍ ဘုံကျောင်းနှင့် ဘုံအလှူ ရဟန်းခံရှင်ပြုပွဲ ဖြစ်သွားသည်။

ထိုထို ဘုံပွဲကြီးကို ရက်ချိန်းနှင့်တကွ စီစဉ်ပြီးသောအခါ ရန်ကုန်မြေ၏ ထုံးစံအရ၊ ဖိတ်စာပို့၍ ဖိတ်ကြားရန် လို၏။ တောကျေးလက်များ ကဲ့သို့ ကြားကြားသမျှ ဗျိုး-ဟစ်၍ မဖြစ်ပေ။ ယင်းသို့ဆိုလျှင် သုံးမျိုးစပ်ထားသော သုံးရောင်ခြယ် ဘုံအလှူ၏ဖိတ်စာကို မည်သို့ ရိုက်နှိပ်ကြမည်နည်း၊ စဉ်းစားကြ၏။

လူ့လောကသည် လူအမျိုးမျိုး ရှိကြရာ အချောင် အလှူရှင် အမည်ခံယူလိုသူများ ရှိတတ်ကြသကဲ့သို့၊ အများစု ဘုံအလှူတွင် အမည်တွင်ရန် မလိုသောစိတ်ရှိသည့် တကယ့်စေတနာရှင်များလည်း ပါဝင်လာတတ်သေး၏။

ကျောင်းရေစက်ချ ဘုံပွဲတွင် ထိုအညာစုရပ်မှ လူကြီးတစ်ဦးဖြစ်သော ဦးကံထွန်း၊ ဒေါ်ဆင်တို့က သံဃာတော်များအတွက် ဆွမ်းကျွေးရန်နှင့် ချိုချဉ်ပွဲအစုံ၊ လက်ဖက်ရည်ကပ်ရန် တစ်ဦးတည်း တာဝန်ယူသွား၏။ ထို့နောက် ပြည်လမ်း (၆) မိုင် လက်ဖက်ရည်ဆိုင်ရှင် ကရင်ဦးဘိုးလှကြီးနှင့် ဇနီးသားသမီးတစ်စုတို့က ကျောင်းရေစက်ချပွဲတွင် လာသမျှ ပရိသတ်တို့အား မုန့်ဟင်းခါးကျွေးပါမည်ဟု သူ့စေတနာအလျောက် ကုသိုလ်ပါဝင်ပြန်၏။

ညေ့ပရိသတ်ကြီး ထမင်းကျွေးရေးကိုလည်း ဦးကံထွန်းက မ,တည် လျက် အများပေါင်းစု အလှူငွေတို့ဖြင့် ဟင်း ၅ ခွက်နှင့် ကောင်းမွန်စွာ

mgyoe.com

mgyoe.com

ချက်ပြုတ်ကျွေးမွေးရန် စီစဉ်ထားလိုက်ကြသည်။ ဆေး၊ လက်ဖက်၊ ကွမ်း၊ လက်ဖက်ရည်ပွဲကိုပါ အများစု ကောင်းမှုထဲမှ ဧည့်ခံရန် ဆုံးဖြတ်ကြ၏။ သို့ဖြင့် အရေးကြီးသောကိစ္စများ ပြည့်စုံနေလေပြီ... ဧည့်ခံစရာ သုဇနကာရီ ကျောင်းရှေ့၌ တဲကျောင်းဥပုသ်ကြီး ရှိပြီးဖြစ်၏။ ကြည့်ရှုကောင်းရန် အနည်းငယ် ပြင်ဆင်ရုံသာ ရှိသည်။

ထိုအတွက်လည်း စရိတ်ကုန်ကျစရာမရှိ၊ ခင်းရန် သင်ဖြူး တစ်နေရာမှ ရမည်။ ပန်းကန်ခွက်ယောက်-အိုး ငှားစရာရှိ၏။ ကန့်လန့်ကာ၊ ခန်းဆီး၊ ကောဇော၊ စားပွဲခင်း၊ ပန်းအိုး စသော အလှပြင် တန်ဆာပလာတို့လည်း ဟိုမှသည်မှ ဆွဲယူ၍ ရနိုင်သည်။ ယင်းသို့ဖြင့် ရန်ကုန်မြို့တော်ကြီး၏ ဆင်ခြေဖုံး ရပ်ကွက်သားတို့သည် စိတ်ကူးဖြင့် စီစဉ်ထားလိုက်ကြရာ ဘာမျှ လိုလေသေး မရှိတော့ချေ။ အစားအသောက် အကျွေးအမွေးတွေကလည်း လိုဖွယ်ရာမရှိ၊ ပိုလျှံ၍ပင် နေကောင်းဖွယ်ရာ ရှိသည်ဟု ယူဆထားကြ၏။

သံဃာတော် ၁၅ ပါးအတွက် ဆွမ်းကျွေးမည့် ဒကာရှိပြီး လှူဖို့က ငွေပဒေသာတစ်ပင်စီနှင့် သက်န်းတစ်ထည်စီ မောင်းထောင်ခွက် တစ်လုံးစီ ဖြစ်၏။ မောင်းထောင်ခွက်တွင် သက်န်းကို လိပ်၍ ထည့်မည်။ ထိုတွင် ငွေပဒေသာ စိုက်လိုက်မည်။ ဧည့်ပရိသတ် ရှုခင်းပသာဒကောင်းအောင် သံဃာစင်ရှေ့တွင် ငွေပဒေသာတွေ စီ၍ ချထားလိုက်မည်။ ကိုမောင်အေးကလည်း တစ်ဦးတည်း စေတနာဖြင့် အငြိမ့်ပွဲသွင်းရန် ငှားထားပြီ ဖြစ်သည်။

"တို့ကျောင်း ရေစက်ချပွဲက ရွာသားတွေ ကျေနပ်အောင် ကျဉ်းကျဉ်း ရယ်လို့ လုပ်ပါ၊ ခုတော့ တကယ့်ပွဲကြီးကို ဖြစ်သွားတော့မှာပေါ့"

ရပ်ရွာလူကြီး ဦးလွန်းရုံက ဝမ်းသာအားရပြောလျက် ရွှင်ပြုး ကြည်နူး နေလေသည်။

"ဒါပေါ့ဗျာ... ကုသိုလ်ဆိုတာ လုပ်ရင်ဖြစ်လာရမပေါ့၊ အစကဖြင့် အင်တင်တင် လုပ်နေလို့ ကျွန်တော် မနည်းတိုက်တွန်းယူရသေးတယ်..."

ရွာလူကြီး ဦးကံထွန်းက မရယ်မပြုံး ဣန္ဒြေကြီးနှင့် သူ၏ တိုက်တွန်းချက် အောင်မြင်သွားပုံကို ကျေနပ်သော အသံဖြင့် ထောက်ခံသည်။

"ဖိတ်စာကို ဘယ်လိုရိုက်ရမလဲ ဦးလွန်းရုံရဲ့"

mgyoe.com

“အများကောင်းမှုပဲဗျာ၊ အများကောင်းမှုအဖြစ် ဖိတ်ရမှာပေါ့”

“အေးလေ… ဒါတော့ ဒါပေါ့၊ ဦးလွန်းရဲ့ ကြီးမှူးခေါင်းဆောင်သော ဆိုတာထည့်ပြီး၊ ပါသင့်သူ တစ်ဦးနှစ်ဦးလောက် နာမည်ပါရင် တော်ရောပေါ့ဗျာ…”

“ဟို အချောင် ဝင်ပါနေကြတဲ့ ရှင်ဒကာ ရဟန်းဒကာတွေတော့ ထည့်ရမှာပဲ၊ သူတို့က သူများထက် ပိုထည့်ပါ့မယ်လို့တော့ ပြောတာပဲ”

“ဟုတ်ကဲ့ ဒီကိစ္စတော့ ဦးလွန်းရဲ့ပဲ ကြည့်လုပ်ပေါ့ဗျာ၊ ချက်ရေး ပြုတ်ရေး၊ ကျွေးမွေးရေးကိစ္စကတော့ အားလုံး ကျွန်တော် တာဝန်ယူပါတယ်”

ရပ်ရွာလူကြီး ၂-ဦး တာဝန်ခွဲဝေ ယူပြီးကြလျှင် ဖိတ်စာကြီး ရိုက်နှိပ်၍ ထွက်ပေါ်လာတော့သည်။ စာပုံနှိပ်တိုက်တွေ များပြားသော ရန်ကုန်မြို့ကြီးမှာ ငွေပေးခိုင်းက အခုလိုချင် အခုရနိုင်၏။ ပါလိုသော နာမည်နှင့် ထည့်လိုသောအကြောင်းအရာ ပြောလိုက်လျှင် စာပုံနှိပ်တိုက် ဦးစီးသူက ပုံစံချပြောင်းရေးပေးလေ့ရှိကြသည်။ ဘာမျှ ခက်ခဲခြင်း မရှိပေ။

ကျောင်းရေစက်ချ
ရဟန်းခံရှင်ပြု-တရားတော်နာ
ဖိတ်ကြားလွှာ

လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်ခရိုင် ကမာရွတ် ဖ-မိုင် (အောင်ချမ်းသာ အညာစုရပ်နေ) ကျောင်းဒကာကြီး ဦးလွန်းရဲ့၊ ဒေါ်ဖွားရွှေ တို့နှင့်တကွ ရပ်ရွာဒါယကာ ဒါယိကာမ အများတို့က စုပေါင်းဆောက်လုပ်အပ်သော သုဇနကာရီကျောင်းကို (ဆရာတော် ဦးဥတ္တမစာရ) အားရေစက်သွန်းချ လှူဒါန်း၍ သာဓုအနုမောဒနာ ခေါ်ဆိုကြပါမည်။

ဦးကံထွန်း-ဒေါ်မယ်ဆင်တို့က ထိုကျောင်းလှူပွဲတွင် ပင့်ဖိတ်၍ ကြွရောက်တော်မူလာကြသော သံဃာတော်တို့အား မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် ဆက်ကပ်၍၊ လာလာသမျှတရားနာ ပရိသတ်တို့အား ထမင်းဟင်းတို့ဖြင့် ကျွေးမွေးဧည့်ခံပါလိမ့်မည်။

mgyoe.com

ပြည်လမ်း ၆-မိုင် လက်ဖက်ရည်ဆိုင်ရှင် ဦးဘိုးလှကြီးနှင့် ဇနီး သားသမီးတို့က ဧည့်ပရိသတ်တို့အား မုန့်ဟင်းခါးဖြင့် ကျွေးမွေး ဧည့်ခံပါလိမ့်မည်။

အဘဦးဘိုးတုတ်၊ အမိဒေါ်စု၊ သား သမက် ဦးဘိုးဟန်၊ ဇနီး ဒေါ်အေးစိန်၊ ၎င်းတို့သား မောင်သောင်း၊ ဇနီးမဆင်၊ သား သမက် မောင်သန်းမောင်၊ သမီးမမြရင်တို့က ပရပုတ္တသား (ကိုဘိုးငွေ)ကို သာမဏေအဖြစ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ သွတ်သွင်းချီးမြှင့်ခြင်း၊ မိမိ၏ သားရင်းဖြစ်သော (မောင်လှကြိုင်) ကိုလည်း ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှင့်ခြင်း ပဗ္ဗဇ္ဇ ဘိသေကမင်္ဂလာကို ပြုလုပ်ပါလိမ့်မည်။

ထို့ပြင်တဝ၊ ကိုမောင်အေး-ဇနီးမဖွားကြည်နှင့် မပုတို့ကလည်း ပရပုတ္တသား (ကိုဘစိန်)ကို ရှင်သာမဏေအဖြစ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ သွတ်သွင်းချီးမြှင့်၍ ပဗ္ဗဇ္ဇဘိသေက မင်္ဂလာ ပြုပါမည်။ ထိုအခါ ဝါခေါင်လဆန်း ၁၄ ရက်နေ့ညတွင် သုဇန ကာရီကျောင်းမဏ္ဍပ်၌ ကိုမောင်အေးတို့က အငြိမ့်သဘင်ဖြင့် ဧည့်ခံ ဖျော်ဖြေပါလိမ့်မည်။

ထိုအဆိုပါ အရပ်ရပ်သော ကောင်းမှုတို့ ပြုလုပ်ရာတွင် သံဃာတော် အရှင်မြတ် ၁၅ ပါးတို့အားလည်း ဒါတဗ္ဗဝတ္ထု တို့ဖြင့် လှူဒါန်းပူဇော်၍၊ ထိုအရှင်မြတ်တို့ ဟောမြွက်တော်မူအပ် သော ပရိတ်တော်၊ တရားတော် ဓမ္မစကတ်တို့ကို အကျွန်ုပ်တို့နှင့် အတူတကွ နာယူလျက်၊ သာဓု အနုမောဒနာ ခေါ်ဆိုလိုပါသော ကြောင့် ၁၃၀၅ ခု၊ ဝါခေါင်လပြည့်နေ့ နံနက် ၆ နာရီမှ ညနေ ၃ နာရီအချိန်တွင်း အဆိုပါ ပြည်လမ်း၊ ၆ မိုင် သုဇနကာရီ ကျောင်း အရံတွင်းသို့ ကြွရောက်တော်မူကြပါမည့်အကြောင်း ဖိတ် ကြားအပ်ပါသည်။

"အေးစိန်တို့ ငအေးတို့ နှစ်ဦးဝင်ပါနေတာနဲ့ တို့ဖိတ်စာကြီးကဖြင့် အတော် ရှည်သွားပြီဟေ့၊ မန္တလေး မဟာသင်္ကြန်စာလောက်နီးနီး ရှိနေပြီ"

ဦးလွန်းရံက ဖိတ်စာတစ်ရွက်ကောက်ယူ ကြည့်ပြီးလျှင် ရှည်နေသည် ကို မကြိုက်ဟန်ဖြင့် ပြောလိုက်သည်။

mgyoe.com

mgyoe.com

အိမ်နားနီးရှိ မောင်ချစ်ထွန်း၊ မောင်အောင်ရှင်း၊ မောင်ပြုံးချို မောင်သာဦးတို့ကို ခေါ်၍ ဖိတ်စာများကို ယူသွားပြီး အိမ်တိုင်းစေ့ဝေငှရန် ခိုင်းလိုက်၏။

၂ နာရီကျော် ကြာပြီးနောက် တူကလေး ၄ ယောက်တို့ ပြန်ရောက်လာကြသည်။ တူကလေးများ မျက်နှာသည် ရွှင်ပြုံးနေကြသည်။ ဝမ်းမြောက်နေကြသည်။

"မင်းတို့ အိမ်ပေါက်စေ့ ဝေခဲ့ကြရဲ့လား"

"စေ့ပါတယ် ဘကြီးရဲ့၊ အိမ်ကြီး အိမ်ငယ်အားလုံး ဝေခဲ့ပါတယ်"

"တော်တော်ကြာ ကျန်နေရင် တို့မဖိတ်ဘူး၊ တို့တော့ လူရာမသွင်းဘူးနဲ့ ပြောကြလိမ့်မယ်"

"မကျန်ပါဘူးဗျာ၊ မျက်နှာကြီး မျက်နှာငယ်မရွေး ဆင်းရဲချမ်းသာခွဲ၊ အိမ်ထောင်စုံရော၊ အိမ်ထောင်မစုံရော၊ မုဆိုးဖို၊ မုဆိုးမ၊ အပျိုကြီး၊ လူပျိုကြီးတွေရော၊ ဘူးစင်အောက်နေသူရော၊ တဲတစ်ခြမ်းပဲ့ထဲ နေသူရော၊ သွပ်ပြားစုတ် ၂ ချပ်တင်ပြီး နေတဲ့ အကြော်ဖိုရော၊ ဒီအောင်ချမ်းသာရပ်ကွက်ကဖြင့် ဘာဆိုဘာမှ မကျန်စေရပါဘူး ဘကြီးရဲ့"

"မကျန်တာတော့ ဟုတ်ပြီ၊ ရှင်ဒကာတို့၊ ရဟန်းဒကာတို့အိမ်ကောပေးခဲ့ကြရဲ့လား"

"ပေးခဲ့ပါတယ် ဘကြီးရဲ့ သူတို့က သူတို့နဲ့ ဆက်သွယ်သူတွေကိုတောင် သူတို့နာမည်နဲ့ သီးခြားဖိတ်စာရိုက်ပြီး ဝေချင်သေးတယ်လို့ ပြောနေကြတယ်"

"ဒါတော့ သူတို့ဝေချင်ဝေပေါ့ကွာ၊ တို့နဲ့ဆိုင်တဲ့ တာဝန်သာ ကျေဖို့အရေးကြီးတယ်"

တူကလေးများ သူတို့အိမ် အသီးသီး ပြန်သွားကြလျှင် အရပ်လူကြီးဦးကံထွန်း ရောက်လာ၏။

"ဦးလွန်းရဲ့ ကျွန်တော်နဲ့ ဆက်သွယ်သူတွေ ဖိတ်ချင်လို့ ဖိတ်စာကျန်သေးရင် နည်းနည်းပေးပါဦးဗျာ"

"ကျန်ပါသေးတယ်၊ ဘယ်နှစ်ရွက်လောက် လိုချင်သလဲ ဟောဒီမယ်..."

mgyoe.com

mgyoe.com

ဦးကံထွန်းသည် သူ့အဖိတ်နဲ့ သီးခြားဖိတ်လိုသူများကို ခေတ္တစိတ်တွက်နှင့် တွက်လိုက်သည်။

"လိုလိုပိုပို ၂၅ ရွက်လောက် ယူသွားမယ်ဗျာ"

"အေး ယူပါ၊ ကျုပ်လည်း ကြည့်မြင်တိုင်၊ ကမာရွတ်၊ ရွာမ၊ ကမာရွတ်လှည်းတန်းက မိတ်ဆွေများ ဖိတ်ဦးမှပဲ၊ ဦးကံထွန်းလာတောင်းမှ သတိရတော့"

ဦးကံထွန်းသည် သူ့မိတ်သင်္ဂဟများကို သီးခြားဖိတ်ရန် ဖိတ်စာ ၂၅ ရွက် ယူသွား၏။ ဦးလွန်းရုံကလည်း သူနှင့်စပ်ဆိုင်ရာ မိတ်သင်္ဂဟများကို သူ့အဖိတ်နှင့် သီးခြားဖိတ်လိုက်ရာ ၂၅ ဦးခန့်ပင် ရှိလေသည်။

ရှင်ဒကာ၊ ရဟန်းဒကာ ကိုဘိုးဟန်-မအေးစိန် တို့ကမူ "သားတစ်ယောက်လုံး ရှင်ပြုလျက်နှင့် ကိုယ့်နာမည်နှင့် သီးသန့်ဖိတ်စာ မရိုက်လို့ ဘာကောင်းမလဲ မိတ်သင်္ဂဟတွေ အများကြီး ဖိတ်ဖို့သင့်တယ်" ဟု မအေးစိန်က ဆို၏။ ကိုဘိုးဟန်က မငြင်းပေ။

သို့ဖြင့် သူတို့ စိတ်တိုင်းကျ သူတို့နာမည်နှင့် ရဟန်းခံရှင်ပြု တရားတော်နာ ဖိတ်ကြားစာကို စာရွက်ရေ ၃၀၀ ရိုက်နှိပ်ကြ၏။ ဘုံဖိတ်စာဝေပြီးသော အောင်ချမ်းသာ ရပ်ကွက်ကို ချန်၍၊ ကြည့်မြင့်တိုင်၊ ကမာရွတ်၊ လှိုင်မြစ်လမ်း၊ သမိုင်း၊ ကြို့ကုန်း၊ အင်းစိန်၊ ကျောက်ဝိုင်း၊ ရှစ်မိုင်၊ ဆင်တဲတား၊ မရမ်းတပင် စသည်တို့၌ များစွာ ဖိတ်ကြားလိုက်ကြသည်။

အချို့ရပ်ကွက်၌ ဦးဘိုးဟန် သွားစေ၏။ အချို့ ရပ်ကွက်၌ သားမောင်သောင်းကို လွှတ်၏။ အချို့ရပ်ကွက်၌ သမက် မောင်သန်းမောင်ကို လွှတ်၏။ အချို့ရပ်ကွက်၌ မအေးစိန် အလှူ့အမ ကိုယ်တိုင်သွား၍ ဖိတ်လိုက်သည်။

"ကျွန်မတို့ အလှူကို လာကြနော်၊ မလာရင် ကျွန်မတို့က စိတ်ဆိုးမှာ၊ ရှင်တို့ လာနိုင်အောင် လပြည့်ဥပုသ်နေ့ကို တမင်ရွေးပြီး လုပ်တာရှင့်"

သူကိုယ်တိုင် သွားရောက်ဖိတ်ခဲ့သော အိမ်ရှင်တိုင်းကို မအေးစိန်က ဤသို့ ဆာဒါကလေးများ ဖွက်၍ပင် ပြောခဲ့သေးသည်။ သူကိုယ်တိုင် မရောက်ဘဲ၊ လင်-သား-သမက်တို့ ဖိတ်ခဲ့သော ရပ်ကွက်မှ မိတ်ဆွေများနှင့် တွေ့ရပြန်လျှင်လည်း ပါးစပ်ကို အအားမထားပေ။

mgyoe.com

mgyoe.com

"ကျွန်မတို့အလှူကို လာဖြစ်အောင် လာကြပါနော်... ကျွန်မတို့က မျှော်နေကြမှာရှင့်၊ မကြွလာရင် ကျွန်မတို့ စိတ်မကောင်းပေဘူး၊ ဆက်ဆက်ကြွခဲ့ကြပါနော်"

ဤလောကွတ် စကားကလေးများဖြင့် ဖြူးရှ်နေအောင် နှုတ်ဖိတ်ကြားချက်ကလေးများကလည်း နေ့ရှိသမျှပင်။ ဘုံဖိတ်ကြားပြီး ရပ်ကွက်ထဲက လူများကိုလည်း သူနှင့် တွေ့ရသမျှ မျက်နှာဆိုင်မိလေသမျှတို့ကို ဤသို့ ဖိတ်ကြားလျက်ချည်းနေသည်။ သူနှင့် တွေ့ရသမျှတို့သည် ဘုံအလှူဟူ၍ သတိမရကြတော့ဘဲ၊ မအေးစိန်တို့ အလှူဟူ၍သာ ထင်မှတ်နေကြတော့သည်။ ပြောဆိုနေကြတော့သည်။

ဒုလ္လဘရဟန်းဒကာ ကိုမောင်အေးကလည်း အားကျမခံ-အရှုံးမပေး၊ သူတို့ သီးခြားဖိတ်စာ ရိုက်ဝေမှလျှင် ငါလည်း ငါ့မိတ်ဆွေတွေ အများကြီးရှိသေးတာပဲ၊ ဖိတ်ရလျှင် မကောင်းပါလော ဟူ၍ တွက်ကိန်းချလိုက်၏။ ပြီးလျှင် မအေးစိန်တို့ကဲ့သို့ သူ၏နာမည်၊ သူ့ဇနီး ၂ ယောက်နာမည်နှင့် ဖိတ်စာ သီးသန့်ရိုက်နှိပ်ပြန်၏။

ကျောင်းရေစက်ချပွဲတွင် အငြိမ့်ပွဲ ပါဝင်နေခြင်းသည် သူကပင် ထည့်သွင်းခြင်းဖြစ်ရာ သူ့ဖိတ်စာတွင် အငြိမ့်ပွဲဖြင့် နေ့ည ၂ ချီ ကပြမည့် အကြောင်းပါ ထည့်သွင်းထားလေသည်။ သူ၏ ဖိတ်စာကို သူ့တူ ၂-ယောက်တို့ကလည်း သူတို့နီးစပ်ရာ ဖိတ်လို ဖိတ်နိုင်သည်။ သူကလည်း ဖဲသမားမိတ်ဆွေအပေါင်း သူတော်ကောင်းတို့ကို များများ ဖိတ်ကြားလိုက်လေသည်။

သို့ရာတွင် ကိုမောင်အေး၏ ဇနီးဖြစ်ကြသူ ဖဲသမားကတော် မဖွားကြည်နှင့် မပုတို့သည် အလှူအမကြီးဟန်ကဲ့သို့ မလာရင် စိတ်ဆိုးမှာတို့၊ စိတ်မကောင်းဖြစ်မှာတို့ မပြောကြချေ။ ဖိတ်စာ ဝေလိုက်လျှင် ပြီးတာပဲ၊ သူတို့ လာချင်လာကြလိမ့်မယ် ဟူ၍ အေးအေးသာ နေလိုက်ကြသည်။

(၄)

အလှူရက်ကား တိုင်ခဲ့လေပြီ...၊ ကျောင်းရှေ့တွင် ကျောင်းကြီးကို အလှူမဏ္ဍပ်အဖြစ် ပြင်ဆင်မွမ်းမံ၍ထားကြ၏။ အဖိတ်နေ့ညတွင် ဒါယကာ

mgyoe.com

mgyoe.com

မောင်ရွှေအေး သွင်းသော စိန်ပါတီတို့ အငြိမ့်သဘင်သည် ပရိသတ်များကို အပျော်တော်ဆက်၏။ ကြည့်နေကြသော ခြံသူခြံသားတို့သည် ကြိတ်ကြိတ်တိုး၍ ကြည့်ကြ၏။

လပြည့်နေ့ နံနက်စောစောတွင် ပင့်ဖိတ်ထားသော သံဃာတော်တို့သည် စုံညီစွာ ကြွရောက်လာကြ၏။ အလှူ့ဒါယကာသည် သူ့တာဝန်ကျေပွန်အောင် ကောင်းမွန်ဖွယ်ရာစွာ ကပ်၏။ သံဃာ့ဝေယျာဝစ္စ ဆောင်ရွက်ရန် တာဝန်ကျေသော ဦးဘိုးတင်၊ ကိုညိမ်း၊ ချစ်ထွန်း၊ မောင်ထွန်းမှိုင်၊ မောင်ထွန်းကြိုင်၊ မောင်ပြုံးချို၊ မောင်သာဦးတို့သည် ဆွမ်းကပ်ပြီး ကျောင်းသားလုပ်၍ ကြက်သား ဝက်သား စုံလင်စွာနှင့် ဆွမ်းကျန်ဟင်းကျန်များကို ပရိသတ်တို့ မရောက်မီ ဦးစွာ စားထားလိုက်ကြသည်။ ဤကား ရန်ကုန်သားတို့၏ ထုံးစံပေ။

ဆွမ်းကိစ္စပြီးလျှင် သံဃာတော်များသည် ရန်ကုန်ဓလေ့အတိုင်း သိမ်ဝင် ရဟန်းခံခြင်းကိစ္စကို နံနက်····အပြီး ဆောင်ရွက်လိုက်ကြ၏။ သိမ်မှ ထွက်ခဲ့လျှင် ပရိတ်ရွတ်၊ တရားဟော၊ ရေစက်ချခြင်း ကိစ္စပါရောက်နှင့်ပြီးသော ပရိသတ်နှင့် ဆက်တိုက်ဆောင်ရွက်၍ ပြီးစီးသွားလေတော့သည်။ သံဃာတော်များသည် ရေစက်ချပြီးလျှင် အလှူဝတ္ထုများယူဆောင်ကာ အသီးသီး ပြန်ကြွသွားကြ၏။

များစွာ ဖိတ်ကြားထားသော ဖိတ်စာတို့ကြောင့် ပရိသတ်ကား အထူးစည်ကားလှ၏။ အောင်ချမ်းသာ ရပ်ကွက်တွင်းရှိ လူတို့သည် လိုမ့်၍လာကြ၏။ ညက ပွဲအရှိန်ကြောင့် လူတိုင်း အလှူရှိကြောင်း သိကြ၏။ မေ့လျော့နေသူ မရှိတော့ပေ။

ဘုံဖိတ်စာအရကြောင့်လည်းကောင်း၊ သီးခြားဖိတ်စာရသောကြောင့်လည်းကောင်း၊ ရပ်ဝေး ရပ်နီး ကမာရွတ်ဝန်းကျင်နှင့်တကွ၊ လှည်းတန်း၊ ကွမ်းခြံ၊ ကြည့်မြင်တိုင်၊ ရန်ကုန်၊ စမ်းချောင်း၊ အင်းစိန်၊ ကြို့ကုန်း၊ သမိုင်း၊ ကျောက်ဝိုင်း စသည်တို့မှ မိတ်သင်္ဂဟတို့သည် များစွာ လာရောက် အားပေးကြ၏။

mgyoe.com

mgyoe.com


အငြိမ့်ဆိုင်းသည် ဧည့်ခံဆိုင်းအဖြစ်နှင့် နံနက်တွင် သာယာငြိမ့်ညောင်းစွာ တီးလျက် ပရိသတ်ကို ကြိုလင့်ကာ ဧည့်ခံနေလေသည်။

ဘုံကျောင်းဒကာကြီး ဦးလွန်းရုံသည် ထကြွသော ဝီရိယရှိပေ၏။ နံနက်စောစော သံဃာတော်များ ဆွမ်းကပ်နေစဉ်ကပင် ရောက်လာသည်။ လုပ်ကြဟဲ့၊ ကိုင်ကြဟဲ့၊ နေရာတွေ ပြင်ဆင် ခင်းကြဟဲ့၊ ဘယ်နေရာက ဘာထား၊ ဘယ်သူက ဘာလုပ် စသည်ဖြင့် ဆော်ဩစီမံနေလေသည်။ နေရာများ စီမံပြီးလျှင် ခေတ္တအိမ်ပြန်သွား၏။ မကြာမီ အဝတ်ကောင်းများ လဲလှယ်၍ ခေါင်းပေါင်းစကြီးနှင့် ခံ့ညားသောအသွင်ကို ဖန်ဆင်းကာ ပြန်ရောက်လာခဲ့သည်။

ဦးလွန်းရုံသည် ခံ့ညား၏။ ဖြောင့်စင်းသော ကိုယ်ခန္ဓာရှိ၏။ မျက်လုံး မျက်ဖန် ကြည်လင်၏။ နဖူးနှာတံမုစ၍ ပြေပြစ်သော ဥပဓိရုပ်ရှိ၏။ မန္တလေး ပိုးလုံချည်၊ တိုက်ပုံအင်္ကျီ-ခေါင်းပေါင်းတို့နှင့် အတော်ကြည့်ကောင်းသော ယောကျ်ားကြီး ဖြစ်သည်။ ရွာခေါင်းဆောင်ပီပီ ဧည့်ပရိသတ်များကို ရွာလူကြီးအရာကနေ၍ ဧည့်ခံရ၏။

ဦးလွန်းရုံ၏ ဇနီး၊ ဘုံကျောင်းအမကြီး ဒေါ်ဖွားရွှေသည် သူ့အစ်မ ဒေါ်ဖွားမေနှင့်အတူ ဧည့်ခံရန် ကွမ်းဆေးလက်ဖက်တို့ကို ယူလျက် ရောက်လာကြ၏။ ရပ်ရွာထဲ သာမှုနာမှု ဧည့်ခံစရာ ကိစ္စရှိလျှင် သူတို့ပင် အမြဲ ပါဝင်လေ့ရှိရသော ဒေါ်သဲနု၊ ဒေါ်သဲပွင့် ညီအစ်မသည် ပရိသတ် ဧည့်ခံရန် လင်ပန်း ပန်ကန်ပြား ကြီးငယ် စသည်တို့ကို သယ်ပိုး၍ ရောက်လာကြ၏။

သူတို့လေးဦး ရောက်လာကြလျှင် မိန်းကလေးတွေက ဘာ-ဘာ လုပ်ကြ၊ လူရွယ် မောင်ရင်တို့က ယောကျ်ား ပရိသတ်တွင် ဘာတာဝန်ယူကြ၊ ဆေးလိပ်ကို ဘယ်လိုဝေ၊ လက်ဖက်ခွက်ကို ဘယ်လိုချ၊ ကွမ်းအစ်က ဘယ်ပုံထား၊ အချင်းချင်း စကားပြောစရာရှိလျှင် တိုးတိုးသာသာပြော စသည် မကျန် ခဏချင်း စီမံလိုက်ကြသည်။

ဧည့်ခံဝန်ကိုင်သူတို့ လေးဦး ထိုင်လိုက်လျှင် ဘာမှ လိုလေသေး မရှိတော့ပေ။ ပြည့်စုံအောင် စီမံခန့်ခွဲသွားကြတော့သည်။ ပစ္စည်းနှင့် ပရိသတ်

mgyoe.com

ကို ကြည့်၍ နည်းလျှင် နည်းသည့်အလျောက်၊ များလျှင် များသည့် အလိုက်ကိုလည်း နားလည်ကြသေး၏။ ထို့ကြောင့် အလှူမှန်လျှင် သူတို့ ပါသည်ချည်းပင် ဖြစ်နေကြသည်။

ရဟန်းဒကာ ကိုရွှေအေးသည် ဆံပင်ကို တောက်ပြောင်နေအောင် ဖြီးလျက် ဘန်ကောက်ညွန့်လုံချည်နှင့် ရောက်လာ၏။ အပျော်အပါး ကြိုက် သော လူငယ်ဖြစ်၍ သူငှားသော အငြိမ့်ဆိုင်းနားသွား၍ ထိုင်နေ၏။ ရံခါ သူဖိတ်ထားသော မိတ်ဆွေများ လာသည်မြင်လျှင် နှုတ်ဆက်သည်။ ပြီးလျှင် ဆိုင်းတီးရာ၌ ထိုင်-ဆေးလိပ်သောက်နေလေသည်။ သူ့ဇနီး ၂ ယောက်တို့ သည် ကျောင်းအမကြီး ဒေါ်ဖွားရွှေတို့အနီး သွား၍ ကူညီစရာများကို ဆောင်ရွက်နေကြ၏။

ရှင်ဒကာ ရဟန်းဒကာ ကိုဘိုးဟန်-မအေးစိန်တို့ကား အနည်းငယ် နောက်ကျပြီးမှ ရောက်လာကြ၏။ သားကလေးမောင်လှကြိုင်ကို ရှင်လောင်း ပြင်နေရသောကြောင့် ဖြစ်သည်။ သူတို့ကိုယ်ကိုလည်း လှပအောင် ပြင်ဆင် လာကြသည်။

ဦးဘိုးဟန်သည် ဘန်ကောက်လုံချည်၊ တိုက်ပုံအနက်ကိုဝတ်လျက် ခေါင်းပေါင်းစကြီး တကားကားနှင့် ဂိုက်ထွားလာပုံမှာ ရှေ့နေစတိုင်လိုလို ထင်ရ၏။ ခပ်ပိန်ပိန် သူ့ရုပ်နှင့် စာကြည့်များသော ရှေ့နေပိန်တစ်ဦးနှင့် တူ၏။ ရှင်အမကြီး မအေးစိန်သည် ပင်ကိုရုပ်ချောသူ ဖြစ်၏။ အသားဖြူ၏။ ဥက္ကံ့သုံးဆယ် အပျိုတွေချောပါတဲ့ လှိုင်ဘောလယ် ဟူသော စာဆိုနှင့်ညီ သည်ဟု ဆိုလောက်သော လှိုင်ဘောလယ် အရပ်သူလည်း ဖြစ်၏။

သူသည် ယဉ်ယဉ်ကလေး သွားတတ်၍ ယဉ်ယဉ်ကလေး ပြော တတ်သည့်ပြင် ယဉ်ယဉ်ကလေး ပြုံး၍၊ ယဉ်ယဉ်ကလေး က,တတ်ပါသေး ၏။ အရပ်ပွဲ အပြိုင်အဆိုင်ရှိလျှင် အိုးစည်ဝိုင်းတို့တွင် ရုပ်ရှင်မင်းသမီး အမယ်ကြီး ဓာတ်လိုက် ဒေါ်နှင်းရွက် တို့နှင့်အတူ ဝင်၍ က,လေ့ရှိသော ကြောင့် အရပ်မင်းသမီး မအေးစိန်ဟု ခေါ်စမှတ်ပြုကြသည်။

ရှင်အမ ရဟန်းအမ အလှူ့အမကြီးဖြစ်လာသော ယနေ့အချိန်မှာ မအေးစိန်သည် ပြောင်လက်သော ဘီးဆံပတ်ကြီးနှင့် ရွှေချည်ထိုး၊ ဖဲကြိုး

mgyoe.com

လုံချည်ကို ခြေမျက်စိဖုံးအောင် ဝတ်လျက်– စုံကျပဝါကြီး တယမ်းယမ်းနှင့် ရောက်လာသည်။ သားရှင်လောင်းကလေးကို ပရိသတ်အလယ်သို့ သွင်းခဲ့ပြီး ကျုံ့ကျုံ့ကလေး မျက်နှာပိုးသပ်၍ ထိုင်နေပုံမှာ မြင်ရသူတို့သည် နိုင်ငံကျော် အငြိမ့်မင်းသမီး လေဘာတီ မမြရင်ကို မြင်နေကြရသကဲ့သို့ စိတ်ထင်လွဲမှား နေမိကြသည်။ ဇာတ်ဝတ်နှင့်မထွက်ခင် အရပ်ဝတ်နှင့်မြင်ရသော လေဘာတီ မမြရင်နှင့် ယှဉ်ထိုင်နေကြလျှင် ဘယ်သူ မမြရင်၊ ဘယ်သူ မအေးစိန်ဟု ခွဲခြားသိရန် ခပ်ခက်ခက် ဖြစ်ပေမည်။

သားရှင်လောင်းအနီး၌ ကိုဘိုးဟန်–မအေးစိန်တို့ကို ကြည့်နေကြသော ပရိသတ်သည် ဘုံကျောင်းရေစက်ချပွဲဟူ၍ သတိမရကြတော့၊ ကိုဘိုးဟန်– မအေးစိန်တို့ အလှူပွဲသို့ ငါတို့ လာကြသည်ဟု ယူဆနေမိကြသည်။

များစွာ ဝေငှထားသော ဖိတ်စာတို့ကြောင့် လူပရိသတ်ကား လှိမ့်၍ လာနေကြသည်။ ဝါတွင်းကာလ ဥပုသ်နေ့လည်း ဖြစ်သောကြောင့် ဗမာတို့ ထုံးစံ ရက်အား ယူသောနေ့တွင် လူစုလူဝေးနှင့် နေလိုကြသည်။ အလုပ်နား၍ တရားနာရင်း ပျော်ပျော်ပါးပါးနေမည်။ အလှူကကျွေးသမျှ ဗိုက်ကား အောင် စားမည်။ အငြိမ့်လည်း ကြည့်မည် ဟူသော နှလုံးသွင်းကိုယ်စီနှင့် လာကြသည်။ အကောင်းဆုံးသော အဝတ်ကို သေတ္တာထဲမှ ထုတ်၍ ဝတ် ဆင်လာကြသည်။ သူတို့ကိုယ်ကိုလည်း ဟန်ပြကြသည်။ သူတစ်ပါးကို လည်း ကြည့်ကြသည်။

အောင်ချမ်းသာရပ်ကွက်မှ အချို့အိမ်များသည် မီးခိုးတိတ် အိမ်လုံး ကျွတ် ထွက်လာကြ၍ ပရိသတ်ကား စည်ကားပါပေ၏။ နေရာပင် မဆံ့၊ ပြည့်ကျပ်နေတော့သည်။

ဆွမ်းဒါယကာကြီး ဦးကံထွန်း ဇနီးဒေါ်မယ်ဆင် တို့ကား ကျွေးမွေးရေး တာဝန်ကျသည်မို့ ပရိသတ်တွင် လာ၍ လူလုံးမပြနိုင်။ နံနက်စောစော ဆွမ်းကပ်ရန် ခေတ္တလာပြီးလျှင် ချွေးတလုံးလုံးနှင့် ချက်ရပြုတ်ရသော အလုပ်ကိုသာ သဲမဲနေကြရလေသည်။

တူရိယာသံ ငြိမ့်ညောင်းစွာနှင့် ပရိသတ်ပေါင်း အတော်စုံချိန်၊ တရား ဟောရေစက်ချပြီးချိန်၊ နေကလေး အတန်ကြွချိန်၊ အဝေးပရိသတ်တို့ ရောက်

mgyoe.com

mgyoe.com

လောက်သောအချိန်တွင် မုန့်ဟင်းခါး ဒါယကာ ဦးဘိုးလှကြီးတို့သည် အိုးကြီးအိုးငယ်များစွာကို ထမ်းပိုးလျက် ရောက်လာကြ၏။ ထမင်းကျွေး တာဝန်ယူသူ ဦးကံထွန်းသည် တပည့်လက်သား များစွာနှင့် ထမင်းဟင်း တွေကို အိုးကြီး အင်ကြီး ဒယ်ကြီးတို့နှင့် သယ်ဆောင်ရောက်လာကြသည်။

စုံကျပဝါကြီး တယမ်းယမ်းနှင့် အလှူ့အမကြီး မအေးစိန်သည် သားရှင်လောင်းနားမှ ခွာခဲ့၍ လူပရိသတ်ထဲတွင် သူဖိတ်ထားသော မျက်နှာ သိ မိတ်သင်္ဂဟများကို လေဘာတီ မပြရင်၏ ပဏာမထွက်ခန်း အပြုံးမျိုး ကလေးဖြင့် ပြုံးကာ ယဉ်စစကလေး ဟန်ပန်နှင့် လှမ်းလင့်လျက် နှစ်သက် ဖွယ်သော နှုတ်ခွန်းဆက်စကားကို တစ်ယောက်ပြီးတစ်ယောက် လျှောက်၍ ပြောနေလေသည်။

မုန့်ဟင်းခါးပွဲများသည် ပန်းကန်ရှိသမျှ ပိုင်း၍ ပိုင်း၍ ကျွေးလျက် ရှိသည်။ ထမင်းပွဲများကလည်း နေရာရှိသမျှ စားပွဲကြီးများတွင် လူဆံ့သမျှ သန့်၍ သန့်၍ ဖိတ်ခေါ်ကာ ကျွေးနေကြ၏။

တရားဟော ရေစက်ချပြီးချိန်ကစ၍ မုန့်ဟင်းခါးဒကာ၊ ထမင်းဒကာ တို့သည် တစ်သုတ်ပြီးတစ်သုတ် တစ်ပွဲသိမ်းပြီးလျှင် တစ်ပွဲ ဆက်တိုက် ကျွေးကြ မွေးကြ၏။ ပရိသတ်ကား မစဲနိုင်၊ အပြီးသတ်သည် မရှိ၊ ဇမ္ဗူဒီပါ တစ်ကျွန်းလုံးပင် စုပြုံလာကြရော့လားဟု ဆိုစရာ ဖြစ်နေ၏။ ထမင်းကျွေး ရာဌာလည်း ကျပ်လို့၊ မဏ္ဍပ်ထဲ၌ ထိုင်နေကြသူတို့ကလည်း ခဲလို့။ နောက် ထပ်လာတုန်း လာဆဲတွေကလည်း တဖွဲဖွဲ။ မဏ္ဍပ်ထဲ မရောက်သေးသော လမ်းပေါ်မှ တလှုပ်လှုပ် တရွရွနှင့် လှမ်းမြင်နေရသူတွေကလည်း ရှိသေး၏။

တူရိယာသံတို့သည် ခြိမ့်ခြိမ့်သဲမျှ ညည့်ခံလျက် ရှိ၏။ အလှူလာ ပရိသတ်ကား ကြိတ်ကြိတ်တိုးမျှ စည်ကားပါပေ၏။ ကျွေးမွေးသူတို့ကား လက်မလည်နိုင်တော့ပေ။ စားသူတို့ကား တစ်သုတ်ပြီး တစ်သုတ်၊ သမုဒ္ဒရာ ပင်လယ်လှိုင်းကြီးများကဲ့သို့ ၉ ကြိမ်နှင့်လည်း မရပ်နား၊ ၉ ကြိမ် ၂ လီ လည်း မရပ်နား။ ၉ ကြိမ် ၉ လီနှင့်လည်း ရပ်နားပုံမပေါ်၊ စဲသွားသည် မရှိတော့ပေ။

မုန့်ဟင်းခါး အဝစားပြီး သူတို့က ထမင်းပွဲသို့ ရွှေ့ပြောင်းစားကြ ပြန်၏။ ထမင်း အဝလွေးပြီးသူတို့ကလည်း မုန့်ဟင်းခါးပွဲ ဝင်၍ ကြိတ်ကြ

mgyoe.com

mgyoe.com

ပြန်၏။ မစားရသူတို့ကား တမျှော်မျှော်။ အတန်ကြာလျှင် မုန့်ဟင်းခါး ကုန်သွားတော့ရာ ထပ်ဖြည့်ရန်လည်း မရှိပေ။ အိုးကြီးတွေနှင့် ပန်းကန်တွေ သိမ်းဆည်းပြီး ပြန်သွားကြလေသည်။

ပရိသတ်အချို့သည် မစားလိုက်ရ၍ ဝမ်းနည်းစွာ ကြည့်နေရစ်ကြရာသည်။ သို့သော် ထမင်းပဲ ဝဝကြီး စားလိုက်ကြတော့မည် ဟူသည့် နှလုံးသွင်းဖြင့် စောင့်နေကြရသည်။ ထမင်းကလည်း ကျွေးရင်းနှင့် ပြတ်သွားပြန်၏။ ထမင်းကျွေးသူတို့သည် ဘာလုပ်ရမည်မသိ ဖြစ်နေကြသည်။ နောက်ထပ် ထမင်းဟင်း ရနိုင်လိမ့်ဦးမလားဟု ထမင်းချက်ဖို့ သွားမေးသူက မေး၏။ အမေးသွားသူသည် မဏ္ဍပ်ရောက်အောင် ပြန်မလာတော့။ စောင့်နေသူများ မြင်လောက်ရာက လက်ထောင်၍ ယမ်းပြလိုက်သည်။ ထိုအခါ ပန်းကန်ဆေး စားပွဲပြင်လုပ်နေကြသူတို့ပါ ရှောင်ထွက်သွားကြလေတော့သည်။

နောက်လာ ပရိသတ်များနှင့် ထမင်းမစားရကြသေးသော ယခင်ရောက်နှင့်ပြီး သူတို့သည် ထမင်းစားဖိတ်လာနိုး ခေါ်လာနိုးနှင့် စောင့်မျှော်နေကြ၏။ ဣန္ဒြေမပျက်သာ ထိုင်နေကြရသည်။ ဝမ်းကဆာကြလှပြီ။ နေလည်း အတန်မြင့်သွားလေပြီ။ ကလေးငယ်များကလည်း ထမင်းဆာကြ၍ ပူဆာနေကြ၏။ ၃ နှစ်၊ ၄ နှစ်အရွယ် ကလေးများသည် ထမင်းဆာလှကြ၍ ထမင်းကျွေးရာဘက်ဆီသို့ မျှော်ကာ လက်ညှိုးကလေးတွေ ကိုက်လျက် နေကြရှာ၏။ ပူဆာနေသော ကလေးများကို မိခင်တို့က "တိတ်တိတ်နေ တော်ကြာ ထမင်းစားရမယ်" ဟု ချော့မော့ထားကြသည်။

ထမင်းပြတ်သွားကြောင်းကို ကျောင်းအမကြီး ဒေါ်ဖွားရွှေသည် အကင်းပါးစွာ သိလိုက်၏ ပရိသတ်ကို လက်ဖက်ရည်ခွက်နှင့် ဧည့်ခံနေသော ဒေါ်သဲပွင့်ကို လက်ကုတ်၍ မသိမသာ ထသွားကြသည်။

ခေါင်းပေါင်းစကြီး တထောင်ထောင် ဘီးဆံပတ်ကြီး တပြောင်ပြောင်နှင့် ပရိသတ်အလယ် ဟန်ရေးပြကောင်းနေကြသော ရဟန်းဒါယကာ ဦးဘိုးဟန် ဒေါ်အေးစိန်တို့ကလည်း ရိပ်မိလာကြ၏။ မိတ်သင်္ဂဟတွေနှင့် စကားပြောလျက် ဧည့်ခံနေကြရာမှ ထမင်းပွဲများ ဆက်လက်ကျွေးသည်

mgyoe.com

မမြင်ရ၍ အကဲခတ်ကြည့်ကြသည်။ တကယ်ပင် ထမင်းဟင်း ပြတ်သွား ကြောင်း မမေးဘဲနှင့် အတပ်သိလိုက်ရသောအခါ မျက်လုံးမျက်ဆန် ပြူးသွား ကြတော့သည်။

ဖိတ်စာတွေ စည်းမဲ့ကမ်းမဲ့ မိုးမွှန်အောင် ဖိတ်ထားမိကြသော အလှူ ဒကာ ညွှန့်ပေါင်းတို့သည် မျက်နှာပျက်ကြရတော့မည်ကို ဝမ်းနည်းကြ၏။ သို့သော်... မတတ်နိုင်တော့ပေ။ မျက်နှာပြောင်တိုက် ထိုင်နေရန်လည်း မဝံ့သောကြောင့် အလှူ့အမကြီး မအေးစိန်တို့သည် ပရိသတ်ထဲက အသာ ထွက်ခဲ့ကြသည်။ တော်ရာချောင်ခို၍ တိမ်းရှောင်နေလိုက်ကြရ၏။ သူတို့ အိမ်ကို ပြန်မသွားဝံ့။ ထမင်းမစားရသေးသော မိတ်ဆွေ့တွေက အိမ်လိုက် လာကြလျှင် ခက်ရချေဦးမည်။ အတော်ချောင်ကျ၍ ဧည့်သည်များ မလာ နိုင်ထင်ရသော တဲပုတ်ကလေးထဲ ဝင်ထိုင်နေလိုက်ကြသည်။

ဘုံကျောင်းဒကာကြီး ဦးလွန်းရုံသည် ခေါင်းပေါင်းစကြီးနှင့် ခုံညား စွာ ပရိသတ်များကို ဧည့်ခံစကားပြောလျက် ရှိ၏။ ထမင်းစားပြီး ပရိသက် တို့ အလျှိုလျှို ပြန်သွားကြသော်လည်း ဣန္ဒြေရရ ထိုင်နေကြသော နောက် လာပရိသတ်တို့အား ထမင်းကျွေး မခေါ်လာသည်ကို သတိပြုလိုက်၏။ ထမင်းကျွေးရာဌာနကို လှမ်းမျှော်ကြည့်လိုက်သည်။ ဘယ်သူမှ မမြင်ရ၊ မနေသာ၍ ထလာခဲ့ပြီး မေး၏။ ထမင်းဟင်းကုန်သွားကြောင်း တစ်ယောက် က တိုးတိုးကလေး ပြောပြသည်။

"ဟင်... ဒီလိုဆို ဘယ်ဟန်ပါ့မလဲ၊ ပရိသတ်တွေ အားနာစရာ ကြီး၊ ကိုကံထွန်းကို ငါသွားမေးလိုက်ပါဦးမယ်"

ပြောရင်း ဆိုရင်းနှင့် ဦးလွန်းရုံသည် ဦးကံထွန်းတို့ ထမင်းချက်ဖိုသို့ ထွက်သွား၏။ ခဏကြာလည်း ပြန်မလာ၊ တော်တော်ကြာလည်း ပြန်မလာ၊ ဘယ်တော့မှ ပြန်မလာတော့ချေ။ အကြောင်းမှာ ထမင်းဟင်း လုံးဝကုန်နေပြီး နောက်ထပ် ချက်ပြုတ်စရာလည်း ဘာမျှ မရှိတော့ကြောင်း ဦးကံထွန်းက ရှင်းပြလိုက်သောကြောင့် ဖြစ်၏။ သူကိုယ်တိုင်ပင် ထမင်းမစားရသေးရာ နေလည်းမြင့်၊ ထမင်းလည်းဆာလှပြီ ဖြစ်သောကြောင့်၊ သူ့အိမ်ပြန်ကာ ထမင်းအမြန်ချက်ရန် ခိုင်းနေရသေး၏။ ပရိသတ်ထဲ ပြန်လာဖို့ကလည်း မျက်နှာ မပြဝံ့သောကြောင့် ဖြစ်၏။

mgyoe.com

mgyoe.com


ရဟန်းဒကာ ကိုမောင်အေးတို့လည်း မဏ္ဍပ်ထဲ မမြင်ရတော့၊ ဆေးလိပ် လက်ဖက် ဧည့်ခံနေကြသူတို့ပင် ဒေါ်ဖွားရွှေ၊ ဒေါ်သဲနုနှင့် အမယ်ကြီးဇာတ်လိုက် ရုပ်ရှင်မင်းသမီးကြီး ဒေါ်နှင်းရွက်တို့ သုံးယောက်သာ ကျန်တော့၏။ သူတို့လည်း အချင်းချင်း လက်ကုတ်ကာ တိုးတိုး စကားပြော နေကြသည်။ "ထမင်းကျွေးစရာ မရှိတော့ဘူး၊ ဧည့်သည်တွေကလည်း ထိုင်နေကြတုန်း၊ ဘယ့်နှယ်လုပ်ကြပါမလဲ" ဟူသော အကြောင်းဖြစ်၏။

အလှူကျမှ စားမည်ဟူ၍ နံနက်စောစောက လက်ဖက်ရည်ကလေး တစ်ခွက်မှ မသောက်ခဲ့ကြသော ထိုပရိသတ်သည် ထမင်းဆာလှ၍ လိမ်တွန့် နေသူက နေကြ၏။ မုန့်ဟင်းခါးလည်း ထမ်းပိုးလာသည် မမြင်။ ထမင်း စားကြွပါဟု ဖိတ်ခေါ်ခြင်းလည်း မပြုကြချေ။ မျှော်လို့သာ မျှော်ရသည်၊ မျှော်လင့်စရာတော့ မရှိသလို ဖြစ်နေ၏။

ပရိသတ်လည်း တစ်ယောက်ထသွား၊ နှစ်ယောက်ထသွားနှင့် ခပ်ကျဲ ကျဲကျန်တော့သည်။ ထမင်းပွဲတွေ ပြင်ကြ ဆင်ကြတာလည်း မမြင်၊ ဧည့်ခံ သူတွေပင် ကြက်ပျောက်၊ ငှက်ပျောက် ဖြစ်သွားကြ၏။ နောက်ဆုံး ဂရုစိုက်၍ ကြည့်ကြသောအခါ အလှူဒကာဆိုသူတွေပင် မမြင်ရတော့ပေ။ ထိုအခါမှ "ယော-ခက်ချေပြီ၊ ငါတို့ချည်း ကျန်ရစ်တော့သယော့"ဟု ဟာန်ပုံမရကြောင်း ကောင်းစွာ ရိပ်မိကြ၏။ အချင်းချင်း တီးတိုးစကား ပြောလိုက်ကြသည်။

"ဟုတ်ပတော်... နှုတ်ဆက်စရာတောင် လူမရှိတော့ဘူး"

တစ်ယောက်သော အဒေါ်ကြီးက အသံထွက်ပြောလိုက်၏။ ထိုအခါ ထမင်းမျှော်နေကြသော တရားနာပရိသတ်သည် ဣန္ဒြေရရ ထိုင်နေခြင်းငှာ မစွမ်းနိုင်တော့ပေ။ ကျီးကြည့် ကြောင်ကြည့်နှင့် ရှက်ကန်းကန်း ဖြစ်လာ ကြသည်။ လှုပ်လှုပ်ရွရွဖြစ်ကာ ထမင်းဆာ၍ ငိုယိုပူဆာနေကြသော ကလေး များကို ချီပိုးလျက်၊ ဝမ်းဟာဟာနှင့်ပင် ထပြန်သွားကြရှာလေသည်။

ထမင်းကလည်းဆာဆာ၊ နေကလည်းမြင့်၊ မျက်နှာမည်းကြီးတွေနှင့်မို့ ဘယ်သူ့အိမ်မှ ဝင်ရောက်နှုတ်မဆက်ကြတော့ပေ။ အလျှို-အလျှို ပြန်ထွက် သွားကြသည်။

ဧည့်သည်တွေများ လိုက်လာကြလျှင် ငါတို့မျက်နှာ ဘယ်လိုလုပ် ပြရပါမည်နည်းဟု စိုးရိမ်တကြီးနှင့် ချောင်ခို ပုန်းရှောင်နေကြသော အလှူ

mgyoe.com

mgyoe.com

ဒါယကာတို့သည် ယင်းသို့အလိုက်သိစွာ နှုတ်မဆက်ဘဲ ပြန်သွားကြသည်ကို ပင် ကျေးဇူးတင်ရပေသေး၏။

"ဧည့်ပရိသတ်တို့ ပြန်သွားကြပြီတဲ့" ဟူသော စကားကို ကလေးများက ပြောကြသောအခါမှ ဟေ-ဟု ဟင်းချကာ အသက်ရှဲရှဲရှူရှဲကြသည်။ အိမ်ခန်းထဲက ထွက်ရဲကြတော့သည်။ ရွှံ့စိတ်များ ကင်း၍ အချင်းချင်း စကားသံထွက် ပြောလာကြသည်။

ဦးလွန်းရုံကြီးသည် ကျောင်းသို့ ရောက်လာ၏။ ဦးကံထွန်းလည်း နေ့ဆွမ်းကပ်ရန် ကျန်သမျှ စုပေါင်းစီစဉ် ချက်ပြုတ်လျက် လိုက်ပါလာ၏။ အလှူဒကာကိုဘိုးဟန်-မအေးစိန်တို့လည်း အကြောက်ပြေကာ ကိုယ့်ထမင်း ကိုယ်ချက်စားနေကြသည်။ ရဟန်းဒကာ ကိုရွှေအေးကမူ သူငှားသောအငြိမ့် ကို နေ့ပွဲဆက်၍ ကပြရန် စီမံနေလေသည်။

## (၅)

ထမင်းမစားခဲ့ရသော အလှူပြန်တို့သည် အိမ်ရောက်အောင် မဆိုင်း နိုင်တော့ဘဲ၊ ကမာရွတ်လမ်းဘေးရှိ 'စံမတူ' ထမင်းဆိုင်သို့ဝင်ကာ အမြန်ပြင် ခိုင်းပြီး ကြိတ်ကြလေတော့သည်။

အမွှေးနံ့သာလိမ်း၍ အဝတ်ကောင်း အစားကောင်းတွေနှင့် လာကြ သော ဤလူစုလူဝေးကြီးကို ထမင်းဆိုင်ရှင် ဦးမင်းဒင်-မမယ်စီ တို့က အကဲခတ်ကြသည်။ လူတွေကလည်း များသောကြောင့် ထိုင်စရာမရှိ။ ပန်းကန်ပြားမလောက်နှင့်မို့ တောင်းပန်ထားရသေး၏။ နောက်ဖေး၌လည်း ထမင်းအိုး ဟင်းအိုးများ နောက်ထပ် အမြန်ချက်လိုက်ကြရသည်။ ထိုအချိန် ကမာရွတ်တွင် ဗမာထမင်းဆိုင်ကား... ဤ 'စံမတူ' တစ်ဆိုင်တည်းသာ ရှိ၏။

"လူတွေက များလိုက်တာ၊ ရှင်တို့ ဘယ်ပွဲက လာခဲ့ကြတာလဲ"

ထမင်းဆိုင်ရှင် ဒေါ်စီက မေးလိုက်သည်။

ထမင်းဆာလွန်း၍ ခေါင်းပင်မဖော်နိုင်ဘဲ ကုန်းစားနေကြသူတို့သည် ရှက်သောကြောင့် ဘာမှမပြောရန် အချင်းချင်း လက်ကုတ်ကာ ဆိတ်ဆိတ် နေလိုက်ကြ၏။

mgyoe.com

mgyoe.com

ဆိုင်ရှင် ဦးမင်းဒင်ကမူ ရန်ကုန်သားဖြစ်သောကြောင့် အရိပ်အကဲကို နားလည်၏။ ''မမေးပါနဲ့'' ဟူသော မျက်နှာရိပ်ကို ပြလိုက်သည်။ တစ်ယောက်ကမှ အဖြေမပေးကြသောလူစုကို မေးလိုက်မိသောစကားအတွက် အားနာသောကြောင့်၊ ပြန်ရုပ်သိမ်းသည့်အနေဖြင့် ဒေါ်စီက ''စည်းဝေးပွဲတစ်ခုခုက လာကြတာနဲ့ တူတယ်'' ဟု သူ့ဘာသာသူ ခန့်မှန်းချက်ပြောလိုက်ရသည်။

ထမင်းအတန်စားပြီး၍ ဝမ်းတောင့်လာသောအခါ အဒေါ်ကြီး တစ်ယောက်သည် အဖော်များက မျက်ရိပ်ပြ တားမြစ်သော်လည်း မနေတော့ဘဲ...

''အမယ်လေး... ကျုပ်တို့ကို မမေးနဲ့တော့ အလှူက လာခဲ့ကြတာ၊ ဟိုခြံထဲက မအေးစိန်တို့ အလှူက ဖိတ်လို့တော့၊ ထမင်း မကျွေးလိုက်လို့ မောပြီး ပြန်ခဲ့ရတာတော့၊ နောင်များဖြင့် တန်ပါပြီတော်... ဒီလိုအလှူမျိုးဖြင့် ဘယ်တော့မှ မလိုက်တော့ဘူး...''

ကျိတ်ခဲပြီး အောင့်ထားခဲ့ရသမျှတွေကို ဘွင်းဘွင်းကြီး ပြောနေကျဝါသနာရှိဟန်တူသော အဒေါ်ကြီးသည် စိတ်ထဲရှိသမျှ ဖွင့်ပြောချလိုက်တော့သည်။ အဖော်များသည် အရှက်ပြေ ရောနှောပြုံးနေကြ၏။ အချို့ကလည်း ''မပြောပါနဲ့ဆိုလျက်သားနဲ့ ဒီမိန်းမကြီးကလည်း'' ဟူသော မျက်နှာထားကို ပြကာ မကြိုက်သည့်အသွင်နှင့် ဟန့်တားနေကြ၏။

''နောက်တော့ ရှင်အေးစိန်တို့ အလှူမျိုးများ လိုက်ကြရင် အိတ်ထဲထမင်းဖိုးပိုက်ဆံ ထည့်ယူသွားဖို့ သတိထားကြတော့၊ ဒီတစ်ခါ သင်ခန်းစာပေးလိုက်တာပဲ''

အဒေါ်ကြီးကား မလျှော့၊ ထပ်လော၍ ပြောလိုက်ပြန်သေး၏။ အဖော်များသည် ဘေးလူတွေ ကြားသွားလျှင် အရှက်ပိုကြမည်ကြောင့်၊ ထမင်းစားပြီးလျှင် ထမင်းဖိုးချေ၍ ခပ်သုတ်သုတ် ထွက်သွားကြလေသည်။

ရဟန်းဒကာ ကိုအေးကား လူငယ်အလျောက် ပျော်ပွဲကိုသာ အဓိကထားလေရာ... စားရေးသောက်ရေးကို ဂရုမပြု၊ စားရေး၊ လှူရေး၊ ကျွေးရေးတွေ ပြည့်စုံနေပြီဟု လိုနေသော အငြိမ့်ပွဲကို တာဝန်ယူ ထည့်သွင်းခြင်းဖြစ်၏။ သူ့တာဝန်ကား ကျေရုံမက ပိုတောင်သွားလေရာ ဧည့်သည်တွေ

mgyoe.com

mgyoe.com

ထမင်းမစားရဘဲ ပြန်သွားပြီးနောက် နေ့ပွဲက,စေ၏။ တစ်ဖန် ဆက်၍ ညပွဲပါ ထပ်ငှားပြီး သွင်းပြန်သေး၏။ လူငယ် လူရွယ်တို့သည် ထမင်း မလောက်သော အလှူကို မေ့လျော့သွားကြသည်။ အငြိမ့်ပွဲကို ကြည့်ရသဖြင့် တဝါးဝါးပွဲကျကာ ပျော်ရွှင်နေလိုက်ကြသည်။

အလှူရက်ဟောင်း၍ တစ်ရက်ပြောင်းလာခဲ့လေပြီ။ အောင်ချမ်းသာ ရပ်ကွက်ကြီးတစ်ခုလုံး ပြောဆိုနေကြသော စကားသံတို့ကား... မနေ့က အလှူထမင်းမစားရဘဲ ပရိသတ်အချို့ ပြန်သွားရသောအကြောင်းနှင့် အငြိမ့်ပွဲ အကြောင်းချည်း လှိုင်နေကြသည်။

"ကျုပ်က လုံလုံလောက်လောက် စီမံထားဖို့ရာ ခင်ဗျားကို စောစော ကတည်းက ပြောထားသားပဲ၊ ခုလိုဖြစ်သွားတာတော့ အားနာစရာကြီးဗျာ၊ ကြည့်မြင်တိုင်က ကျုပ်မိတ်ဆွေတွေရော မစားရဘဲ ပြန်သွားရရှာတယ်"

ဦးလွန်းရုံက ဦးကံထွန်းကို ပြောနေသည်။ ဦးကံထွန်းကလည်း...

"ကျွန်တော် စီစဉ်တုန်းက အများကြီးပါပဲ ဦးလွန်းရုံရဲ့၊ မလောက် မရှိစေရဘူး၊ ပိုတောင် ပိုသေးရဲ့လို့ မှန်းတာပဲ၊ မုန့်ဟင်းခါးကလည်း ဝင်ခု နေပြန်တော့ ကျွန်တော်ဖြင့် တကယ့်ကို စိတ်ချထားလိုက်မိတယ်" ဟု ပြန်ပြော၏။

"မုန့်ဟင်းခါး ဒကာကလည်း မလောက်လို့ ပရိသတ်ထက်ဝက်နဲ့ ရပ်လိုက်ရတယ်။ လူတွေကလည်း တစ်မျိုးစားပြီးရင် ကျေနပ်တာမှ မဟုတ် ဘဲ၊ ထမင်းလည်း နင်းကန် စားလိုက်ကြသေးတာပဲ..."

ထမင်းကျွေးရာတွင် တာဝန်ယူ ဆောင်ရွက်ရသော ရွာလူကြီး ဦးညိုက ဝင်ထောက်ပြောလိုက်သည်။

"ဒါကြောင့် ပြောတာပေါ့ဗျာ... မူလ လျာထားချက်နဲ့ မကိုက်နိုင် တာ၊ ပြီးတော့ ထမင်းနဲ့လူနဲ့ မမျှတော့ဘူး၊ သိလို့ ထပ်ချက်ရအောင်ကလည်း ဘာမှ အသင့်မရှိ။ ဝက်သား တစ်ပိဿာကို ၁၅-ပေးတာတောင် သူခိုး ဈေးမှာ နောက်ဖေးပေါက်ကဝင်၊ တရုတ်ဖင် ရှိုခိုးရသလို တောင်းပန်ဝယ် ရတာ၊ ဘယ့်နှယ် ချက်ချင်းစီစဉ်လို့ ဖြစ်နိုင်မလဲ၊ ဦးလွန်းရုံ စဉ်းစားကြည့်ပါ"

"ကိုကံထွန်းပြောတာလည်း မှန်တာပဲ၊ လူတွေကိုက နင်းကန်လာကြ

mgyoe.com

mgyoe.com

တော့ ဒီလိုဖြစ်သွားတာပေါ့ဗျာ၊ ကျုပ်တောင် ထမင်းမစားလိုက်ရဘူး၊ ခင်ဗျား ကို အပြစ်မတင်ပါဘူး''

ဦးလွန်းရုံတို့ ပြောနေသံ ကြား၍ အနားလာရောက် နားထောင်ကြသူ တို့ကလည်း တစ်ယောက်တစ်ပေါက်နှင့် ဝင်ပြောကြသေး၏။

''ဘယ့်နှယ် ထမင်းလောက်ပါ့မလဲ၊ ဖိတ်စာတွေ နင်းကန်ရိုက်ပြီး သူတို့နာမည်တွေ လူသိများအောင် နင်းကန်ဝေထားကြတာကိုး၊ လူတွေက လာကြမှာပေါ့''ဟု တစ်ယောက်က ဆိုလေရာ... ရဟန်းဒဂ်ာမ ကိုအေး ဇနီး မပုလည်း ရောက်လာ၍ ဝင်ပြော၏။

''ကျွန်မတို့ ဖိတ်တာက ဒီလောက် မများပါဘူး၊ ဖိတ်ထားတဲ့လူ တွေကလည်း တချို့လောက်သာ လာနိုင်ကြတာပါ၊ မအေးစိန်တို့ ဖိတ်တာက များတာရှင့်၊ သူတို့ဧည့်တွေ အများဆုံးပဲ''

ယင်းသို့ ပြောနေစဉ် မအေးစိန် ရောက်လာပြန်၏။ သူတို့အပေါ် ပုံချပြောဆိုသံ ကြားရသောအခါ အရှုံးမခံပေ။

''ရှင်တို့ပြောကြတာက မအေးစိန်တို့အပေါ်သာ လုံးချကြတော့တာပဲ။ တကယ်ဆို ဘုံအလှူပဲ၊ မကောင်းလည်း ဘုံ၊ ကောင်းလည်း ဘုံပေါ့၊ မျှခံဖို့ သင့်ပါတယ်'' ဟု ဝင်၍ ထုချေ၏။

''အေးလေ... နင်တို့သာ ဖိတ်စာတွေ သီးခြားရိုက်မဝေရင် ဒီထမင်း ဟာ လောက်ရမယ်ဆိုတာ ကျိန်းသေတယ်''

လက်သမားဆရာကြီး ဦးဘိုးတင်က ဝင်ထောက်၏။

''ဦးလေးတင်ကြီးကဖြင့် ပြောပြီတော့၊ ဧည့်ပရိသတ်တွေ မကျွေးရ သေးခင် ဦးလေးတင်တို့အုပ်စုကြီးက အရင်ဝင်ပြီး စားပစ်လိုက်ကြလို့ ထမင်း မလောက်ဘဲ ဖြစ်သွားတာလို့ ပြောနေကြတာတော့ သူမသိဘူးထင်တယ်'' ဟု မအေးစိန်က ဆို၏။

''အေးဟ... တို့က သံဃာတော်တွေ ဆွမ်းကပ်ပြီးကတည်းက ဝင်စားလိုက်ကြတာ မှန်တယ်၊ မစားပါ– မငြင်းဘူး။ နင်တို့အလှူ ထမင်း လောက်မှာမဟုတ်ဘူး ဆိုတာကိုသိလို့ ဦးအောင် စားထားကြတာပေါ့... ကောင်လေးတွေတောင် စားကြဟ... စားကြဟလို့ တိုက်တွန်းပြီး ခိုင်း လိုက်သေးတယ်''

mgyoe.com

mgyoe.com

"ဦးလေးတင်ကြီး ပြောလိုက်မှဖြင့် ဒါမျိုးချည်းပဲ..."

မအေးစိန်သည် ဦးဘိုးတင်ကိုတော့ နိုင်အောင် မပြောနိုင်ပေ။

"ကျွန်မတို့ဖိတ်တဲ့ ပရိသတ်လောက်သာဆိုရင် ထမင်းလောက်မှာပါ၊ ဒီရပ်ကွက်ထဲက လူတွေက တစ်အိမ်တစ်ယောက်မှမကဘဲ၊ အိမ်ရှိ လူကုန် မီးခိုးတိတ် ထွက်စားကြတာတွေကြောင့် ဒီလိုမလောက်မင ဖြစ်ရတာနေမှာ" ဟု တစ်ဖက်လှွဲတင်လိုက်ပြန်၏။

"ဒီလိုတော့ မပြောပါနဲ့ အေးစိန်ရယ်... တို့အိမ်က တစ်အိမ်လုံးထွက်ပြီး လုပ်ကြ ကိုင်ကြတာ မောလို့။ ထမင်းကျွေးကြရတဲ့သားများလည်း ထမင်းမစားရဘူး၊ တခြားဘယ်သူမှ မစားရဘူး။ ငါတောင်မှ ဖွားမေကြီးနဲ့ မဏ္ဍာပ်ထဲ ဇွတ်ပေထိုင်နေကြလို့ ဘုန်းကြီးများ နေ့ဆွမ်းစားပြီးမှ ဆွမ်းကျန် ဟင်းကျန်ကလေး ကပ်မြှောင်စားလို့ စားလိုက်ရတာပါ"

မင်းသမီးကြီး ဒေါ်နှင်းရွှက်က တစ်အိမ်လုံး မီးခိုးတိတ် ထွက်လိုက်ကြသည်ဆိုခြင်းမှာ သူ့ကို တမင်ပြောသည်ထင်၍ မအေးစိန်စကားကို ဝင်ထုချေနေပြန်၏။ ဤသို့လျှင် ဘယ်အိမ်ဘက်ဆီကဖြစ်စေ ဤအကြောင်းအရာများကိုသာ အရသာရှိရှိနှင့် တစ်ယောက်တစ်မျိုး ငြင်းခုံပြောဆိုနေတတ်ကြသည်။

သို့နှင့် ဘုံအလှူပွဲကား ပြီးခဲ့၍ ရက်ညောင်းသွားလေပြီ... ထမင်း မလောက်သောကိစ္စကို မအေးစိန်တို့အပေါ် တင်ချပြောသူက ပြော။ မောင်အေးက အငြိမ့်ပွဲသာမထည့်ဘဲ ကျွေးရေးမွေးရေး ဂရုစိုက်လျှင် ဒီလို မဖြစ်သင့်ဘူး ဆိုသူကဆို၊ ကျောင်းရေစက်ချပွဲကို အချောင်ဝင်ပြီး အလှူဒကာ လုပ်ချင်ကြလို့ဟု ငေါ့သူက ငေါ့ကြ၏။ မည်သို့ပင်ဆိုစေ ပြီးခဲ့သည်ကား ပြီးသွားလေပြီ၊ ရက်ညောင်းတော့ စကားဟောင်းကာ ရိုးသွားလေတော့သည်။

"နောင်ခါ အလှူလိုက်ကြရင် မအေးစိန်တို့ အလှူမျိုးဖြစ်နေရင် ထမင်းဆိုင်ဝင်စားရအောင် အိတ်ကပ်ထဲ ပိုက်ဆံထည့်သွားမှ" ဟူသော စကားတွင်နေသကဲ့သို့ အလှူရှင်တို့ဘက်ကလည်း "ထမင်းဟင်း လုံလောက်အောင် စီမံကြနော်... မအေးစိန်တို့အလှူလို မဖြစ်ကြရအောင်" ဟု သင်ခန်းစာတစ်ခုလည်း ရလိုက်ကြပါသေးသည်။

mgyoe.com


ဘယ်သူတွေ ဘာပြောနေနေ ရဟန်းခံချင်စိတ် ဝင်စားနေသော ဦးဘိုးငွေနှင့် ကိုဘစိန်တို့ကား ဆန္ဒပြည့်ဝသွားကြလေပြီ။ ဦးဘိုးငွေက ဦးပညောဘာသ၊ ကိုဘစိန်ကလည်း တစ်ဝါဒုလ္လဘအဖြစ်နှင့် ပုတီးစိပ်၍ နေကြလေပြီ။ ဦးဘိုးငွေကမူ ပျော်သမျှကာလပတ်လုံး၊ တစ်သက်ပတ်လုံး သော်လည်းကောင်း နေသွားရန် ရည်ရွယ်လျက် ရှိသည်။

ဘယ်သူ့အကြောင်းကိုမျှ စကားဝင်မစွက်သော မုန့်ဟင်းခါးဒကာ ကရင် ဦးဘိုးလှကြီးကား... မိမိတတ်နိုင်သမျှဖြင့် ဒါနမြောက်သွားသည်ကို ပင် ဝမ်းမြောက် ကျေနပ်နေ၏။ ထိုထက် ကျေနပ်သူကား... ကမာရွတ် လမ်းဘေးက ဦးမင်းဒင် ဒေါ်စီတို့ ထမင်းဆိုင် ဖြစ်သည်။ ထမင်းမစား ခဲ့ရသော အလှူပြန်တွေကို ထမင်းရောင်းကောင်းလှသောကြောင့်၊ "နောက် ထပ် ဒီအလှူမျိုးတွေ တွေ့စမ်းချင်သေးတယ်" ဟု ကျူးရင့်နေသော ဟူ၏။

ရှုမဝမဂ္ဂဇင်း

❖ ❖ ❖

mgyoe.com

mgyoe.com

# ကိုယ့်ကမ္ဘာ

စာအုပ်သေတ္တာငယ်တစ်လုံးနှင့်
အဝတ်လွယ်အိတ်တစ်လုံးကို ကိုင်စွဲကာ...

ကိုယ့်ခေါင်းသည် နှစ်လုံးဆင့်ထားသော ပျော့နုနု ခေါင်းအုံးများ ထက်ဝယ် အလိုက်သင့် မှေးတင်နေ၏။

အဖြူရောင် ပိတ်သားချောချောပေါ်တွင် အဖြူရောင် ပိုးချည်ဖောက် ပန်းပွင့်များ အနည်းငယ် ဖော်ထားသော ဇာနား ဖြူဖြူပင် တပ်ဆင်ထား ပြန်သော ခေါင်းအုံးစွပ်များမှ ခပ်သင်းသင်း ပရုပ်နံ့ကလည်း ကိုယ့်နှာဝကို ကလိနေ၏။

စောင်း၍ ကွေးနေသော ကိုယ့်ကိုယ်မှာ အိထွေးသော မွေ့ရာထဲတွင် တစ်ပိုင်းနစ်ဝင်ကာ အပေါ်ပိုင်းမှာ ပွပွရွရွ ဂွမ်းစောင်နု နှစ်ထည်ဖြင့် နွေးထွေး စွာ လွှမ်းခြုံရစ်ပတ်ထားခြင်းကို ထိတွေ့နေရသည်။

သည်အတွင်းမှပင် စိမ့်မြမြကလေးမျှဖြစ်သော အအေးဓာတ်ကလည်း ကိုယ့်တစ်ကိုယ်လုံးကို အလွန်တရာမှ ပါးလွှာသော အလွှာပါးကလေးဖြင့် ယဉ်ယဉ်ကလေး ထွေးပိုက်၍ နေလိုက်သေး၏။

အလုံးစုံကို ခြုံ၍ ဆိုရသော် သည်အတွေးမှ ယစ်မူး မှိန်းငိုက်စဖွယ် ပင် ဖြစ်နေ၏။ အိပ်မပျော်တော့သည်တိုင် မျက်တောင်များကို မှေးစင်းကာ မျက်လွှာကို တင်းတင်းပိတ်၍ နေလိုသေးသည်။

mgyoe.com

mgyoe.com

အရုဏ်ဦးသည်လည်း ကောင်းစွာ လင်းပွင့်၍ မလာသေးပေ။

သို့သော် "သည်ကနေ့သည် တနင်္ဂနွေနေ့" ဟူသော အသိတစ်ခုက ထမင်းလုံး တစ္ဆေခြောက်သည့်နှယ် ကိုယ့်ခေါင်းထဲသို့ ဝင်လာ၏။ ကိုယ့်မျက်လွှာသည် တစ်စုံတစ်ရာသော ပယောဂဖြင့် လှုန့်နှိုးလိုက်သည့်သဖွယ် ဖျတ်ကနဲ ပွင့်လန်သွားတော့သည်။

သည်တော့လည်း ကိုယ်သည် ဝိုးတဝါး မြင်ရစပြုလာပြီဖြစ်သော ခြင်ထောင်အမိုးဖြူဖြူကို အဓိပ္ပာယ်မရှိ စိုက်ငေးကြည့်နေမိ၏။

ညက ကိုယ် အဖေ့ကို အိပ်မက်မက်သေးသည်ဟု သတိရလာသည်။

"အဖေ..."

ကိုယ်သည် စိတ်ထဲမှ တမ်းတစွာ ခေါ်ကြည့်၏။ အရသာတွေ့လှသည်။ သြော်... အဖေတစ်ယောက်ကဖြင့် အိပ်မက်ထဲမှပင် ကိုယ့်အား အင်အားသစ်နှင့် ပျော်ရွှင်မှုကို ပေးနိုင်စွမ်းပေသည်တကား။

ညက အိပ်မက်ထဲမှာ အဖေသည် သူဝတ်နေကျ ရခိုင်လုံချည် အနီခံ အဖြူကွက်ကျဲကိုပင် ဝတ်ထား၏။ ရှပ်ဖြူ လက်ရှည်ကို ရင်ဘတ်ကြယ်သီး လက်ကြယ်သီး အစေ့အငှ တပ်ထား၏။ ထိပ်စပ်ပြောင်၍ ခပ်ကျဲကျဲမျှရှိသော ဗိုလ်ဆံတောက်ကို ကောင်းမွန်သပ်ရပ်စွာ ဖြီးသင်ထားသည်။

လက်ထဲတွင်လည်း ဆွမ်းဖောင်တိန် အနက်ကြီးကို ကိုင်မြဲတိုင်း ကိုင်ထားကာ စားပွဲဝိုင်းခုံနိမ့်ကလေးနှင့် စာထိုင်ရေးနေသည်။ မလှပသော်လည်း ကြည်လင် ချိုသာလှသော အဖေ့မျက်နှာသည် ကျက်သရေ ရှိလှသည်ဟု ကိုယ်ထင်သည်။

ပြီးတော့ အဖေသည် "ဟော့ကောင်ကြီး မင်းရော ရေးတော့လေကွာ" ဟု ကိုယ့်ကို လှမ်း၍ အဖော်ညှိသေးသည်။ ကိုယ့်မှာလည်း စာရေးလိုစိတ်မှာ အရှိန်နှင့် တက်ကြွလာ၏။ ကိုယ်သည် စာရေးတော့မည်ဟု ဖောင်တိန်ကို ကြည့်လိုက်ရာ ကိုယ့်အင်္ကျီအိတ်မှာ ဖောင်တိန်မရှိ။ ဟိုရှာသည်ရှာ ရှာတော့လည်း မတွေ့...။ ကိုယ်အနည်းငယ် စိတ်တိုမိသည်။

အဖေက "အဲဒါ စာရေးချင်တဲ့ လူတဲ့လားကွ" ဟု ကိုယ့်ကို လှောင်၍ ပြုံးသည်။ ပြီးတော့ ဖောင်တိန်တွေကို "ရော့ကွာ... ရော့ကွာ"

mgyoe.com

mgyoe.com

ဟု ဆိုကာ တစ်ချောင်းပြီးတစ်ချောင်း လှမ်းပေးနေ၏။ ပေးသမျှကို ကိုယ်က တစ်ချောင်းစီတစ်ချောင်းစီ လှမ်းယူ၏။ ကိုယ့်လက်ထဲကို ရောက်ပြီးသော ဖောင်တိန်များသည် အစုအပုံလည်း မရှိ၊ ဘယ်ရောက်ကုန်မှန်းလည်းမသိ။ သို့သော် အဖေ့မှာ ပေးလို့မကုန်နိုင်…ကိုယ့်မှာလည်း ယူ၍မဆုံးနိုင်၊ ကိုယ် အလွန်ပျော်ရွှင်၍လာသည်။

ယင်းအခိုက်မှာပင် ကိုယ်နိုးလာခဲ့၏။ ရွှင်မွေ့သော စေတသိက် ကလေးမှာ ကိုယ့်ထံမှ လွင့်ပါး၍ မသွားခဲ့သေးပေ။

ဆောင်းဦး၏ အနွေးဓာတ်နှင့် အိပ်ရာအိပ်ခင်းများ၏ အချေ့ဓာတ် ကို ရစ်ပတ်နှောင်တည်းကာ ရွှင်မွေ့သော စေတသိက်ဖြင့် ကိုယ်မှိန်းမေ့၍ နေချင်သည်။

သို့သော်… ကိုယ် ယခုရင်ဆိုင်ရဦးတော့မည်မှာ တနင်္ဂနွေနေ့… ကိုယ်သည် ငြိုငြင်ခံပြင်းစွာ ခေါင်းကို ယမ်းခါလိုက်မိသည်။

"သြော်… ငါ ဘယ်တော့များမှ စာတစ်ပုဒ်ကို ဖြစ်မြောက်အောင် မြင်အောင် ရေးနိုင်တော့မှာပါလိမ့်"

သည်ခဏမှာပင် ကိုယ့်အခန်းတံခါးကို အပြင်ဘက်မှ လက်နှင့် ပုတ်နှိုးသံ ကြားရ၏။ အန်တီနွယ်ပင် ဖြစ်ပေလိမ့်မည်။ သို့သော်… အခြေ အနေကို မကျေနပ်သော ကိုယ့်စိတ်က ကပ်သီးကပ်ဖဲ့ လုပ်ချင်သေးသည်မို့ မကြားယောင်ပြုကာ တစ်ဖက်သို့ ခပ်ဆတ်ဆတ် စောင်းလှည့်ပစ်လိုက်သည်။

ကိုယ့် ခေါင်းအုံးနံဘေးမှာ ကပ်ပြားဘူးကလေးကို ကိုယ့်လက်က သွားတွေ့၏။ သည်ဘူးကလေးထဲမှာ အဖေသက်ဆုံးတိုင် ကိုင်သွားခဲ့သော ဆွမ်းဖောင်တိန် အနက်ကလေးကို ထည့်ထားသည်။ အဖေ သေသွားတော့ လည်း သိပ်ကြီး မထင်ရှားလှသော 'မြတ်မင်း' ဆိုသည့် ကလောင်နာမည် တစ်လုံးနှင့် သည်ကလောင်တစ်ချောင်းသာ အမွေအစ ကျန်ရစ်သည်။

ဘာပဲဖြစ်ဖြစ် အဖေ့ကို ကိုယ်အားကျ၏။ အဖေ့လိုပဲ ကိုယ်ဖြစ်ချင် ပါသည်။ အဖေ့လိုပဲ ကိုယ်ဖြစ်ပါရစေ။

ဆန္ဒအင်အား ကြီးမားစွာဖြင့် ကိုယ်တောင့်တလိုက်သည်။

အပြင်ဘက်မှ တံခါးပုတ်သံက ပိုမို ကျယ်လောင်၍ လာ၏။ "ဟေ့ မောင်ဇော်မင်း မောင်ဇော်မင်း" ဟူသော ခေါ်သံကပါ ဆက်တွဲပေါ်ထွက် လာပြန်သည်။ သည်မျှထိတော့ ကိုယ်ငြိမ်နေ၍ မကောင်းတတ်ပေပြီ။

mgyoe.com

mgyoe.com

"ဟုတ်ကဲ့-အန်တီနွယ်"

ကိုယ်သည် အိပ်ရာမှ လူးလဲထရင်းနှင့် ပြန်လည် အသံပြုလိုက်ရတော့၏။ ပြီးတော့ အခန်းပြင်သို့ ကသုတ်ကရက်နှင့် ထွက်ဟန်ပြင်မိသည်။ သို့ရာတွင် ကိုယ်မနှစ်မြို့လှစွာသော စည်းကမ်းချက်များက အဟန့်အတားပြုလာပြန်သည်မို့ ကိုယ်သည် စိတ်တိုတောင်းစွာနှင့်ပင် အိပ်ရာ, အိပ်ခင်း, ခြင်ထောင်များကို နေသားတကျ ပြုလုပ်ကာ ညဝတ်အင်္ကျီကြီးကိုပါ ချွတ်လဲရပြန်သည်။

ကိုယ့်ခါးတွင် နံနက်ပိုင်းဝတ်ရမည့် တနင်္ဂနွေဝတ်စုံတစ်စုံကို သပ်ရပ်စွာ ဝတ်လဲလိုက်ပြီးမှ မျက်နှာသုတ်ပဝါကို ပခုံးထက်မှာ ခေါက်တင်လျက် အခန်းတံခါးကို သွားဖွင့်လိုက်ရ၏။

အန်တီနွယ်က အခန်းဝမှ စောင့်ကာ ကိုယ့်အခန်းထဲသို့ ခေါင်းပြူ၍ ကြည့်လိုက်သေးသည်။ အိပ်ရာအိပ်ခင်းများကို ကိုယ်ခြေမွှ မထားခဲ့ခြင်းနှင့် ညဝတ်အင်္ကျီကို အင်္ကျီချိတ်မှာ သေသပ်စွာ ချိတ်တင်ထားခြင်းကို တွေ့ရမှ မပြုံးတပြုံး မျက်နှာနှင့် ကိုယ်ကို ယို့ပြီး ဘေးသို့ ဖယ်ပေးလိုက်သည်။

"ဂွဒ်မောနင်း အန်တီ"

"မောနင်း-မောနင်း"

ဤသို့လည်း အတိုင်အဖောက် ရွတ်လိုက်ရသေး၏။ သည်နောက်မှပင် ရေချိုးခန်းသို့ ဝင်ကာ မျက်နှာသစ်နိုင်တော့သည်။

ထိုသည်တို့ထက် ကိုယ်စက်ဆုပ်မိသည်ကား မျက်နှာသစ်၍ အပြန်တွင် အန်ကယ်ဘခိုင်၏ အခန်းသို့ဝင်ကာ စည်းကမ်းသေဝပ်ခြင်းနှင့် အချိန်ကို အကျိုးရှိစွာ အသုံးပြုခြင်းများ၏အကြောင်းကို ထပ်ပြန်တလဲလဲ နားထောင်ရခြင်းနှင့် ကိုယ် စာမည်မျှရေးပြီးသည်ကို အစစ်အမေး ခံရခြင်းများပေတည်း။

(၂)

အဖေနှင့် နေရတုန်းကတော့ ကိုယ်အလွန်ပျော်သည်။

သားအဖ နှစ်ယောက်သား ညဥ့်နက်သန်းခေါင် ကျော်လွန်အောင် စာရေးစာဖတ်၍ ကောင်းကြပြီဆိုလျှင် ကိုယ်တို့ သားအဖသည် ဘယ်အချိန်မှာ ဆွမ်းခံဝင်လာသည်ကိုမျှ မသိလိုက်ကြ။

mgyoe.com

အိပ်ရေးဝ၍ ထ,ကြပြီဆိုတော့လည်း "ဒီကနေ့ ဘယ်သူ့နေ့လဲ ဟေ့"ဟု အဖေက မေးတတ်မြဲ။

သည်အခါတွင် "ကျွန်တော့်နေ့ပေါ့" ဟု ကိုယ်က ဖြေလိုက်မည်ဆို ပါက ယနေ့အတွက် ချက်ပြုတ်လုပ်ကိုင်စရာ အိမ်မှုကိစ္စအဝဝကို အဖေပင် လျှင် တာဝန်ယူ ပြုလုပ်ပေတော့မည်။ သို့မဟုတ်မူ၍ "အဖေ့နေ့ပဲ ထားလိုက် ပါဗျာ" ဟု ဆိုပါလျှင်လည်း ကိုယ်သည်ပင် တာဝန်ယူ၍ လုပ်ကိုင်ရပေ မည်။

ကိုယ်တို့ သားအဖနှစ်ဦး၏ စပ်ကြားတွင် ဟန်ဆောင်မှု လုံးဝကင်းမဲ့ သော လွတ်လပ်ခြင်းသည် အပြည့်အဝ ရှိနေ၏။

စည်းမဲ့ကမ်းမဲ့ ဟု ဆိုချင်ဆို သည်လွတ်လပ်မှုကို ကိုယ်အလွန် ခုံမင် မြတ်နိုးသည်။

ကိုယ့်အမေ ရှိစဉ်တုန်းကတော့ ကိုယ့်အသက်သည် အတန်ပင် ငယ်နု သေးသည်။ ဆယ့်တစ်-ဆယ့်နှစ် အရွယ်လောက်သာ ရှိပေမည်။ သည်တုန်း က ကိုယ်သည် ကျောင်းမှန်မှန်တက်ကာ စာမေးပွဲတိုင်း မှန်မှန်အောင်နေသော အချိန်ဖြစ်၏။ ကျောင်းအားလပ်ချိန်မှာ အဖေ၏ စာအုပ်စင်မှ ဝတ္ထုမဂ္ဂဇင်း စသည်တို့ကိုလည်း ဆွဲယူ ဖတ်ရှုရကောင်းမှန်း သိပေပြီ။

အမေကတော့ စင်းဂါးအပ်ချုပ်စက်တစ်လုံးနှင့် အထည်အဝတ်များ ကို အမြဲတမ်း ချုပ်လုပ်နေတတ်သည်။

အဖေကား ထိုစဉ်ကပင် စားပွဲဝိုင်း ခုံနိမ့်ကလေးမှာ စာရေးနေတတ် သည်ကိုသာ ကိုယ်မြင်ရမြဲတည်း။ သို့သော် ထိုအချိန်က ကိုယ်သည် အဖေ့ အား စာရေးဆရာတစ်ယောက်ဟု မသိခဲ့။ အဖေရေးသော စာဟူ၍လည်း မှတ်မှတ်သားသား မဖတ်မိခဲ့။

အဖေနှင့် အမေတို့၏ အိမ်ထောင်ရေး သာယာပုံကိုတော့ ကိုယ်နား လည်ရသည်။ အဖေတို့ ဇနီးခင်ပွန်းမှာ ကတောက်ကဆ ဖြစ်ကြမည်ကို ဝေးစွ၊ တစ်ဦးနှင့်တစ်ဦး အပြုံးကိုယ်စီနှင့် ချိုသာစွာ ပြောဆိုတတ်သည်ကို သာ ကိုယ်တွေ့ရမြဲ...

အမေဆုံးပြီးသည့် နောက်ပိုင်းတွင်တော့ အဖေသည် သူ၏ စာရေး ခုံမှာ စွဲစွဲမြဲမြဲ မထိုင်နိုင်တော့ပေ။

mgyoe.com

mgyoe.com


ဆန်စက်ထဲမှာ စာရင်းကိုင် စာရေးတစ်နေရာကို သွားရောက် လုပ်ကိုင်နေရသည်။ ညနေစောင်းလောက်မှ အိမ်ပြန်ရောက်တတ်၏။

အစားအသောက်နှင့် ပတ်သက်၍ ဖြစ်တတ်သလို ဖန်တီးကာ တွေ့ရာနှင့် စားသောက် တင်းတိမ်တတ်ခဲ့သော အလေ့အကျင့်ကိုလည်း ထိုအချိန်မှ အစပြု၍ ရရှိခဲ့သည်ဟု ဆိုနိုင်သည်။

နံနက်ပိုင်းမှာ ကိုယ်တို့ သားအဖ အများအပြား စားရသော ဟင်းလျာကား ပဲပြုတ်၊ ဘဲဥ စသည်တို့သာတည်း။ ညနေပိုင်းမှာတော့ အဖေ စက်ထဲကအပြန်မှာ လက်တွင် ဆွဲပါလာတတ်သော အထုပ်ပေါ်မှာ မူတည်၍ ပြောင်းလဲသည်။ အဖေ့လက်ထဲက အထုပ်သည် ဝက်သားသုပ် ဖြစ်ချင်ဖြစ်မည်။ အမဲကြော် ဖြစ်ချင်ဖြစ်မည်။ ဘဲကင် ဖြစ်ချင်ဖြစ်မည်။ ရံခါတွင်လည်း နံနက်စာနှင့် ထူးမခြားနားမှုဖြစ်သော ဘူးသီးကြော် ပဲကြော် စသည်တို့သာတည်း။

တစ်ခါတလေတွင်တော့ ထမင်းစားရင်းနှင့် အဖေက မေးတတ်သည်။

"မင်းအမေ့လက်ရာတွေကို သတိမရဘူးလား လူကလေး..."

သည်အခါမှာ အဖေကိုယ်တိုင်ကလည်း ဆွေးမြည့်တမ်းတဟန်ကို လုံခြုံအောင် သိုဝှက်မထားနိုင်စွမ်းချေ။ ကိုယ်ကတော့ ခံစားမှု သိပ်ပြီး မပြောင်းလဲဟန်နှင့် ဆိုမိ၏။

"ကျွန်တော် စားလို့ရပါတယ် အဖေ..."

သည်တော့လည်း အဖေသည် ကိုယ့်အား ကျေနပ်ဟန် နှစ်သိမ့်ပေးလိုဟန်ဖြင့် ပြုံးတတ်၏။

တစ်ကြိမ်တလေတွင်တော့ အဖေသည် အိမ်မှာပင် ဟင်းနှစ်မျိုး သုံးမျိုးမျှ ချက်စားတတ်ပါသေးသည်။

"လူကလေးရေ... မင်းလည်း အဖေ့ကို ကူပါဦးကွယ်" ဟုဆိုကာ ဈေးမှ အထုပ်အပိုးတွေ မြိုင်မြိုင်ဆိုင်ဆိုင် ဝယ်ခြမ်းလာပြီ ဆိုလျှင်ဖြင့် အဖေသည် ဟင်းရည်သောက်စရာနှင့်၊ အတို့အမြုပ် မြိုင်မြိုင်နှင့် အမေရှိစဉ်က ချက်ပြုတ်တတ်လေ့ရှိသည့်အတိုင်း ကြိုးစားလုပ်ကိုင်ဦးတော့မည်ကို နားလည်ရကာ ကိုယ့်ကိုယ်တိုင်လည်း ရေတတ်သီးထောင်း၊ ကြက်သွန်လှီး၊ ဟင်းရွက်သင် စသည်တို့ကို အဖေသင်ပြသည့်အတိုင်း လုပ်ကိုင်ပေးရတတ်သည်။

mgyoe.com

mgyoe.com

သည်လိုနှင့်ပင် ချက်ပြုတ်မှု အတတ်ပညာကို ကိုယ်ကျင့်သားရကာ ပြုလုပ်တတ်လာခဲ့၏။

ထိုသည်တို့ထက် ထူးခြားကာ ကိုယ့်ဘဝအတွက် အမှတ်တရ ဖြစ်စေခြင်းကိုလည်း ဖော်ပြရပေဦးမည်။

× × ×

မှောင်မည်း တိတ်ဆိတ်သော ညဥ့်လယ်တွင် ကိုယ်သည် အိပ်ရာမှ တစ်ရေးနိုးခဲ့၏။ သို့ရာတွင် ခပ်မှိန်မှိန် လင်းနေသော မီးရောင်တစ်ခုက ထိုည၏ ထူးခြားမှုကို ပြဋ္ဌာန်းနေသည်။

ကိုယ်သည် မီးရောင်တည်ရှိရာသို့ ရှာဖွေငဲ့စောင်း၍ ကြည့်လိုက်၏။ လက်မောင်းကို ခေါင်းအုံးကာ နေရာမဟုတ် အိပ်ပျော်နေသော အဖေ့ကို ခပ်လှမ်းလှမ်းမှာ တွေ့ရသည်။ အဖေ့နံဘေးတွင် စာရွက်တွေသည် ပွေပွ၍ နေ၏။ စားပွဲခုံဝိုင်းကလေးပေါ်၌လည်း စာရွက်လွတ်အချို့နှင့် မျက်မှန်အိမ်၊ မျက်မှန်, ဖောင်တိန်များကို ကစဥ့်ကရဲ တွေ့ရသည်။

ထိုအနီးမှ ဒရဝမ် မီးအိမ်ငယ်မှာ ခွေးခြေခုံမြင့်ထက်မှ လင်းလက်ကာ အဖေ့ဖြစ်ပုံကို ခပ်တည်တည် ကြည့်နေသလို ထင်ရ၏။

ကိုယ်သည် အိပ်ရာမှ အသာအယာ ထကာ အဖေရှိရာသို့ ခြေဖျားထောက်နင်း၍ ချဉ်းကပ်သွားသည်။ အဖေသည် နှစ်ခြိုက်စွာ အိပ်ပျော်မြဲ အိပ်ပျော်နေ၏။ အဖေ့နံဘေးမှ ပြန့်ကျဲနေသော စာရေးပြီးသား စာရွက်များကို ကိုယ်ကောက်ယူကြည့်မိသည်။ စာရွက်တိုင်းတွင် နံပါတ် ဂဏန်း ရေးထိုးထားသည်မို့ ကိုယ်သည် ဂဏန်းစဉ်အတိုင်း စုထည့်၍ စီလိုက်၏။ တစ်ဂဏန်းရေးထိုးထားသည့် စာရွက်ထိပ်ဖျားတွင်ကား "မျှော်ယောင်တမ်းမိတော့" ဟူသော စာလုံးခေါင်းစီးကို ထင်ရှားစွာ ရေးထားသည်။

"ဟင်း… ဝတ္ထုနာမည်မျိုးပါကလား" ဟု တွေးကာ ကိုယ်သည် စိတ်ဝင်စား၍ လာ၏။ ပြီးတော့ စာရွက်တွေကို တစ်ရွက်ချင်း ဖတ်ကြည့်မိသည်။ စာတစ်ရွက်ပြီးတစ်ရွက် တစ်ရွက်ပြီးတစ်ရွက် ဆက်ဖတ်လာသော အခါ ကိုယ့်ရင်သည် လှိုင်းထ လှုပ်ရှားလာခဲ့၏။ ပြီးဆုံးသွားသော်ကား

mgyoe.com

mgyoe.com

အမည် မဖော်တတ်သော အရသာတစ်ခုသည် ကိုယ်၏ရင်တွင် ငြိစွဲကျန်ရစ်ခဲ့ကာ ကိုယ့်မျက်လုံးအိမ်မှာ မျက်ရည်တို့ဖြင့် ရစ်ဝိုင်းလာခဲ့၏။

အဖေ ရေးထားသည်မှာ ဝတ္ထုတစ်ပုဒ်ပါလားဟု ကိုယ်သိလာသည်။ ထိုဝတ္ထုမှာလည်း အမေ့အကြောင်းတွေကို လွမ်းလွမ်းဆွေးဆွေး ဖွဲ့နွဲ့ထားသည်ဟု ကိုယ်နားလည်ခဲ့၏။ သို့သော် အမေ့နာမည်နှင့် အမေ့လှုပ်ရှားမှု အစစ်အမှန်များတော့ မဟုတ်ပြန်ချေ။ ဤထူးခြားချက်ကပင် ကိုယ့်အတွက် အံ့တစ်ပါး ဖြစ်ရပြန်ချေ၏။ အဖေသည် အမေ့အကြောင်း စစ်စစ်မှန်မှန် မဟုတ်ဘဲနှင့် အမေ့အကြောင်းဟု ထင်မြင်သဘောပေါက်လာအောင် ရေးဖွဲ့နိုင်လေသည်တကား။

သည်အတတ်ပညာကို ကိုယ်အလွန်အံ့ဩမက်မောရှ်၍ သွားမိသည်။ စာရေးချင်စိတ်သည် ထိုညမှစ၍ ကိုယ့်ထံတွင် သန္ဓေတည်သည်ဟု ဆိုနိုင်၏။ ပွင့်လင်းပေါက်ကွဲလာသည်ကား နောက် သုံးလမျှအကြာတွင် အဆိုပါ 'မျှော်ယောင်တမ်းမိတော့' ဟူသောဝတ္ထုကို ယန်းချိုပုံလှလှကလေးနှင့် တွဲဖက်ကာ မဂ္ဂဇင်းထဲမှာ တွေ့မြင်ရသော နေ့ပေတည်း။ သည်တော့မှလည်း ကိုယ်သည် အဖေ့ကို 'မြတ်မင်း' ဆိုသည့် စာရေးဆရာတစ်ယောက် ဖြစ်မှန်းကိုပါ သိခဲ့ရခြင်း ဖြစ်သည်။

. ကိုယ်သည် ကိုယ့်အဖေ ဘာလုပ်၍ ဘာကိုင်မှန်းမျှ မသိတတ်အောင် နုံလှ-အ,လှလေခြင်းဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်တိုင် ယခုလက်ငင်းအသိအတွက် ရွှင်အားရကာ ပီတိကြွယ်၍ မဆုံးနိုင်အောင်လည်း ရှိရသေး၏။ ပြီးတော့ အဖေနိုးလာသောအခါ ပြင်းပြစွာသော ဆန္ဒအာသာဖြင့် ကိုယ်စိတ်တိမ်းညွတ်ရာကိုလည်း ထုတ်ပြောလိုက်မိသည်။

"ကျွန်တော်လည်း အဖေ့လိုပဲ စာရေးချင်တယ် အဖေ"

အဖေသည် ကိုယ့်မျက်နှာကို စူးစူးစိုက်စိုက် ပြုံးကြည့်သည်ကို တွေ့ရ၏။ အဖေ၏ အပြုံးထဲမှာ စူးစမ်းမှုနှင့် ကျေနပ်ဟန်တို့ ဆတူ ရောနှောနေမည်ဟု ထင်ရသည်။

"ဟုတ်တယ်... ကျွန်တော်လည်း စာရေးဦးမယ်နော် အဖေ"

ကျွန်တော် ထပ်၍ ဆိုမိပြန်သည်တွင်မူ... အဖေသည် ကိုယ့်ပခုံးကို ရွှင်အားရစွာ ပွေ့ဖက်လေ၏။

mgyoe.com

mgyoe.com

"ရေးချင်ရေးပေါ့ လူကလေးရဲ့... ရေးပါကွာ... ရေးစမ်းကွာ" ဟူ၍လည်း ခွင့်ပြုစကားကို အားရပါးရ ဆိုလေသည်။

ကိုယ်သည် ထိုအချိန်မှစ၍ ကျောင်းအားရက်တိုင်းမှာ ဝတ္ထု၊ ဆောင်းပါး ထင်ရာမြင်ရာတွေကို ရေးခြစ်ခဲ့လေ၏။ စာဖတ်ခြင်းကိုလည်း အလျှော့မပေးခဲ့ပေ။ သည်အချိန်က ကိုယ့်ပညာ အရည်အချင်းမှာ ၆-တန်းမျှရှိကာ ... ကိုယ့်အသက်ကား ၁၃-နှစ်ရွယ်ပေတည်း။

## (၃)

ကိုယ် ၉-တန်းသို့ ရောက်သောအခါတွင်ကား ၂-နှစ်မျှဆက်ကာ စာမေးပွဲရှုံးတော့သည်။ သည်တော့ ကိုယ်သည် ကျောင်းစာကို ငြီးငွေ့ပြီဖြစ်၍ ကျောင်းဆက် မနေလိုတော့ကြောင်း၊ အိမ်မှာပင် စာရေးနေလိုကြောင်းဖြင့် အဖေ့ကို ပြောရ၏။

သည်တော့မှလည်း အဖေသည် ကိုယ်အားတိုင်း လပ်တိုင်း ကြိုးကြိုးကုတ်ကုတ် ရေးသားလာခဲ့သော စာမူများကို စစ်ဆေးဖတ်ရှုတော့လေသည်။ ကိုယ့်လက်ရာများ အပေါ်မှာ နှစ်သက်သွားပုံလည်း ရပါ၏။

"ဟကောင်ကြီးရာ၊ မင့်လက်ကို ဒါလောက်လာလိမ့်မယ်လို့ အဖေမထင်မိဘူးကွာ၊ အိမ်း-မင့်မှာ လက်ရှိသကိုးကွ" ဟု လေးလေးပင်ပင်ကြီး ပြောလေသည်။

ထိုနောက်တွင်ကား အဖေသည် ကိုယ်ရေးထားသော ဝတ္ထုစာမူများထဲမှ ၂ ပုဒ်မျှကို ရွေးထုတ်ကာ ထိပ်တန်း မဂ္ဂဇင်းတိုက် တစ်တိုက်သို့ ပို့ပေးလိုက်လေ၏။

ကိုယ့်စာမူတစ်ပုဒ်မှာ အပယ်ခံရသော်လည်း တစ်ပုဒ်မှာမူ အရွေးချယ်ခံရကာ မဂ္ဂဇင်းထဲတွင် ပါရှိလာလေသည်။

ကိုယ့်စာမူကို 'ဇော်မင်း' ဟူသော စာရေးသူအမည်ဖြင့် ပထမဆုံးအကြိမ် ပုံနှိပ်စာလုံးနှင့် တွေ့ကြရသောနေ့က ကိုယ်တို့သားအဖနှစ်ယောက်၏ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပုံကိုကား စာမဖွဲ့နိုင်တော့ပါပြီ။

mgyoe.com

mgyoe.com

သို့သော် အဖေကမူ "မင်းတကယ် စာရေးတော့မယ်ဆိုရင် ဘဝတစ်လျှောက်လုံးမှာ ငတ်တာ၊ ပြတ်တာ၊ ဆင်းရဲတာတွေကို ခံနိုင်ရည်ရှိဖို့ လိုပေလိမ့်မယ်" ဟု သတိပေးသေး၏။

"စာသာ ရေးချင်တိုင်း ရေးနေရမယ်ဆိုရင် ဘယ်လိုပဲနေရနေရ ဂရုမစိုက်လောက်ပါဘူး အဖေရာ" ဟု စိတ်ရင်းတိုင်းနှင့် ပြန်ပြောပြတော့မှ အဖေက ကျေကျေနပ်နပ်ကြီး ရယ်မောကာ ကျောင်းထွက်ရန် ခွင့်ပြုလိုက်တော့သည်။

ပြီးတော့ အဖေကိုယ်တိုင်လည်း ဆန်စက်မှ အလုပ်ကို ထွက်ပစ်လိုက်လေသည်။

ကိုယ် သိရသည်မှာ အဖေသည် ဝင်ငွေကောင်းသော စာရေးဆရာအကျော်အမော်ကြီးမဟုတ်၊ ဝါသနာအရ မရေးဘဲ မနေနိုင်၍ ရေးနေခြင်းဖြစ်ရာ၊ အမေရှိစဉ်ကမူ အမေ စက်ချုပ်သည့် ဝင်ငွေကလည်း မိသားစုသုံးဦး၏ စားဝတ်နေရေးကို အတော်ကလေး ဖူလုံမှုရှိစေသောကြောင့် အဖေသည် ဝါသနာလုပ်ငန်းမှလွဲ၍ ဘာကိုမျှ မလုပ်ဘဲ နေနိုင်ခဲ့သည် ဆို၏။ အမေကလည်း အဖေ့အား စိတ်လက်ပျော်ရွှင်စွာ စာရေးနေခြင်းကိုသာ တွေ့လိုမြင်လိုခဲ့သည်ဟု ဆိုသည်။

အမေဆုံးပြီးနောက်၌ကား အဖေသည် ကိုယ့်အတွက် ကျောင်းစရိတ်နှင့် အထွေထွေ စားဝတ်နေရေးအတွက် စာရေး၍ရသော ဝင်ငွေတစ်ခုတည်းဖြင့် တာဝန်မယူနိုင်တော့ပေ။ သို့ကြောင့် ဝါသနာကို အလိုမလိုက်နိုင်တော့ဘဲ ဆန်စက်မှ စာရင်းကိုင် စာရေးကြီး တစ်နေရာကို ဝင်ရောက်လုပ်ကိုင်ရခြင်း ဖြစ်လေ၏။ ယခုကိုယ်က ကျောင်းထွက်တော့မည်။ ဖြစ်သလိုနှင့် နေနိုင် စားနိုင်ပါသည်ဟု ဆိုသည်တွင်မူ အဖေသည် တာဝန်လုပ်ငန်းကို စွန့်လွှတ်ကာ သူ၏ ဝါသနာလုပ်ငန်းကို ပြန်လည် လုပ်ကိုင်ရတော့မည်ဟု အတော်ပင် စိတ်လက်ပေါ့ပါးသွားပုံ ရပေသည်။

အမှန်တော့လည်း ကိုယ်တို့သားအဖလောက် လွတ်လပ်ပျော်ရွှင်မှုရသူများ ရှိကောင်း ရှိပေမည်။

ရေးချင်ရာကို ရေးချင်စိတ်ရှိတိုင်း ရေးချနိုင်သည့် စည်းစိမ်သုခမျိုးကိုလည်း အလားတူခံစားမှု ရှိတတ်သူများမှသာ နားလည်ပေလိမ့်မည်။

mgyoe.com

mgyoe.com

ကိုယ်တို့ သားအဖနှစ်ဦး၏ တစ်ယောက်စိတ်ကို တစ်ယောက် နားလည်မှုရှိကြပုံနှင့် လွတ်လပ်ပုံမျိုးကိုကား ကိုယ်သည် ပြော၍ တွေး၍ မဝနိုင်တတ်ပေ။

အရှိန်နှင့် တက်ကြွလာသော စာရေးချင်စိတ်ကို ချုပ်တည်းထားရသည့် ကသိကအောက် အဖြစ်မျိုးကိုလည်း ကိုယ်တို့ သားအဖသည် တစ်ရံတစ်ဆစ်မျှ မခံယူကြ။ ကိုယ်တို့ နေချင်သလို နေကြသည့်အပေါ်မှာ မူတည်ကာသာ ကိုယ်တို့အိမ်၏ အခြေအနေက ပြောင်းလဲရသည်။

သည်ယနေ့အတွက် အဖေသည် စာရေးရန် စိတ်ထက်သန်မှု ရှိနေပြီး ကိုယ်က စာရေးလိုစိတ် မပေါ်ပေါက်ဘဲ ရှိနေသည်ဆိုပါစို့။ သည်နေ့အတွက် ရေခပ်၊ အဝတ်လျှော်၊ ချက်ပြုတ်သိမ်းဆည်း စသော အိမ်မှုကိစ္စအဝဝကို ကိုယ်ကပင် သိမ်းကျုံးလုပ်ကိုင်ကာ အဖေ့အတွက် အလိုရှိသောအချိန်မှာ အသင့်ရှိစေပေလိမ့်မည်။ ပိုသောအချိန်ပိုင်းတွင်မှ ကိုယ်စာဖတ်ရ၏။ ထိုနေ့ကို 'အဖေ့နေ့'ဟု အသိအမှတ်ပြုကြသည်။

အကယ်၍ ကိုယ့်မှာ စာရေးစရာ မရှိသည်တိုင် စာဖတ်စရာကို စွဲစွဲလမ်းလမ်းဖြစ်ကာ စာအုပ်ကို လက်မှမချနိုင်ဖြစ်နေပြီ ဆိုပြန်တော့လည်း ကိုယ်သည် အိမ်မှုကိစ္စများကို နေသာ ထိုင်သာရုံမျှ လျှော့ပေါ့ လုပ်ကိုင်ကာ အစားအသောက်ကိုလည်း ပြီးလွယ်စီးလွယ် ဖန်တီးလိုက်ပေမည်။ အဖေကလည်း နားလည်မှုရှိစွာ ခွင့်လွှတ်လိမ့်မည် ဖြစ်ပေ၏။

ကိုယ်က စာကို ခေါင်းမဖော်တမ်း ရေးလိုပါသည်ဆိုသော 'ကိုယ့်နေ့'များတွင်လည်း အဖေသည် ဤနည်းနှင်နှင်ပင် အစစအရာရာကို ကိုယ့်အတွက် အသင့်ရှိစေလိမ့်မည်သာတည်း။

ကိုယ်တို့အိမ်အတွက် အများ၏ အမြင်မှာ သာယာသည်ဟု ထင်ရသော နေ့များကတော့ ကိုယ်တို့ သားအဖနှစ်ယောက်လုံးတွင် စာရေးချင်စိတ်လည်း ပြင်းပြင်းထန်ထန် မပေါ်ပေါက်၊ အထူးတလည် စွဲလမ်း မက်မောလောက်သော ဖတ်စရာ စာအုပ်များလည်း ပြတ်လပ်နေသည့် အခါမျိုးတွင် ဖြစ်သည်။

သည်အခါများတွင် ကိုယ်တို့သားအဖသည် အိမ်မှုကိစ္စများကို တက်ညီလက်ညီ လုပ်ကိုင်ကာ သန့်သန့်စင်စင် ဝတ်ဆင်နေထိုင်ကြ၏။ ပြင်ပ

mgyoe.com

mgyoe.com

ပြင်လွင် ရုပ်ရှင် စသည်တို့သို့လည်း သွားလာလည်ပတ် တတ်ကြသည်။ သို့လျက်နှင့်လည်း ကိုယ်တို့၏ စိတ်အာသာက ပြေချင်မှ ပြေလည်တတ်သည်။ တစ်ခုခု လိုနေသလိုလို 'ဟာ'နေတတ်သည်က များလေ၏။

ယင်းသို့မဟုတ်မူ၍ စာရေးစာဖတ်ကို နှစ်ဦးနှစ်ယောက်လုံးက သဲသဲမဲမဲ ပြုလိုကြပါသည်ဆိုသော နှစ်ဦးပိုင်နေ့များလည်း ရှိတတ်ပေသေးသည်။

ထို'နှစ်ဦးပိုင်နေ့' များသည် ရက်ရှည်ဆက်၍ လာပြီဆိုလျှင်ကား ကိုယ်တို့၏ အိမ်သည် ဖုံလက်လေးသစ်မျှတက်ကာ ကိုယ်တို့၏ အဝတ်များသည် ညစ်နွမ်းပေရေကာ ယုတ်စွအဆုံး ကိုယ်တို့၏ ဆံပင် မုတ်ဆိတ်များပင် ရှည်လျား ညှဉ်းဆိုးကာဖြင့် သားအဖနှစ်ယောက်သားသည် ဖြစ်ချင်တိုင်း ဖြစ်နေတော့လေ၏။

သည်အခါများမှာ လက်ထဲတွင် ပိုက်ဆံရှိလျက်နှင့်လည်း ထမင်းကို နပ်မှန် စားဖြစ်ချင်မှ စားဖြစ်သည်။ ရံခါတွင် ငှက်ပျောသီး ၄-၅ လုံးမျှကို စားကာ၊ သို့မဟုတ် ပဲပြုတ်နှင့် နံပြား စသည်လောက်ကို စားကာ ရေသောက်၍ နေလိုက်သည်နေ့များလည်း ရှိတတ်ပေသေးသည်။

မည်သို့ပင်ဖြစ်စေ၊ ဈာန်ဝင်စားသည့်နှယ် စာထဲတွင် စိတ်ကို နစ်မြုပ်ထားရခြင်းကိုပင် ကိုယ်တို့သည် မွေ့လျော်ကြည်နူးတတ်ပါ၏။

လက်ထဲမှာ ပိုက်ဆံပြတ်လပ်ကာ မဂ္ဂဇင်းတိုက်များမှ ရောက်ရှိလာမည့် မဖြစ်စလောက်သော စာမူခကလေးများကို လည်ပင်းရှည်အောင် မျှော်စောင့်နေကြရသော အခါများမှာပင် ကိုယ်တို့သည် စိတ်မပျက်တတ်ကြ။ ဖြစ်သမျှနှင့် ရောင့်ရဲတင်းတိမ်ကာ စာပေတည်းဟူသော ဈာန်လောကမှာ ပျော်မွေ့နိုင်ကြသည်။

## (၄)

အန်တီနှယ်ကို ကိုယ်စတင်တွေ့မြင်ဖူးရသည်ကတော့ ကိုယ့်အမေဆုံးသောအခါက ဖြစ်လေ၏။

သည့်အလျင်ကတော့ အဖေ့မှာ နှမရင်းတစ်ယောက်ရှိသည်ကို ကြားဖူးရုံမျှ ကြားဖူးကာ ဓာတ်ပုံလောက်ကိုသာ မြင်ဖူးခဲ့ရသည်။

mgyoe.com

mgyoe.com

ယင်းသို့ဖြစ်ရသည်မှာ အဖေတို့ မောင်နှမ၏ မတူညီသော စိတ်ဓာတ်နှင့် စရိုက်များကြောင့် ဟူ၍လည်း ကိုယ်နားလည်ခဲ့ရသည်။

အဖေက သူ့နှမအကြောင်းကို ပြောလျှင် မိနွယ်ဟူ၍သာ သုံးစွဲပြောဆိုတတ်၏။ ထိုမိနွယ်ဟူသော သူ့နှမသည် ဒေါ်ခင်နွယ်မြင့်ခိုင် ဟူသော မင်းကြီးကတော် ဖြစ်နေသည်ကိုလည်း အဖေက လှောင်ရယ်ဖွဲ့၍ ပြောဆိုတတ်သည်။

"မိနွယ်တို့များတော့ သိပ်ခေတ်ဆန်ပြီး အဆောင်အယောင် ကြိုက်တာကွ၊ သူ့နာမည်ကိုပဲ ကြည့်ပါလား၊ အဖေ့အမေ မှည့်တုန်းက 'မနွယ်' အဲ… သူကျောင်းနေတော့ ခေတ်ဆန်အောင်ဆိုပြီး ခင်တစ်လုံး ထပ်ထည့်တော့ 'ခင်နွယ်' ဖြစ်သွားရော၊ ဒါနဲ့ မပြီးသေးဘူး၊ နောင်တစ်ခေတ်ဆန်းလာပြန်တဲ့အခါမှာ အဖေ့နာမည် ဦးတက်မြင့်က မြင့်တစ်လုံးထပ်ယူပြီး 'ခင်နွယ်မြင့်' ဖြစ်ပြန်ရော၊ အဲ နောက်တစ်ခါ မြို့ပိုင်ဘခိုင်နဲ့ ယူပြန်တော့ သူ့လင်နာမည်တစ်လုံး ထပ်တိုးပြီး 'ဒေါ်ခင်နွယ်မြင့်ခိုင် ဖြစ်ရပြန်ရောတဲ့ဗျား"

"အဲ… သူ့အဖေ နာမည်ဟာ ဦးတာတေဖြစ်ပြီး သူ့လင်နာမည်ဟာ ဝတိုဆိုရင်တော့ သူဘယ်လောက် ဝကျလိုက်မလဲလို့ မပြောတတ်ဘူးဟေ့ ဟား… ဟား… ဟား"

စိတ်လိုလက်ရရှိသောအခါများ၌ အဖေသည် သူ့ယောက်ဖ၏ အကြောင်းများကိုလည်း ပြောပြတတ်သေးသည်။

"ဘခိုင်ဆိုတဲ့ အကောင်က မိနွယ်နဲ့ အကြောင်းပါတော့ မြို့ပိုင်ကလေးကွ၊ ဒီကောင့်မိဘများက ပစ္စည်းလည်း တော်တော်ရှိတယ်၊ ခေတ်ဆန်လိုက်တဲ့ နေရာမှာလည်း မိနွယ်ထက် ဆယ်ဆလောက် ပိုသကွ၊ သူ့ကိုယ်သူ 'ဗမာပြည်မှာ မွေးတဲ့ ဥရောပတိုက်သား' လို့ ခပ်ကြွားကြွား ပြောလေ့ရှိတတ်တယ်။

"သူတို့ အိမ်ထောင်ကျတော့လည်း ငါ့ထက် အရင်စောသကွ၊ ငါလိုကောင်မျိုးကိုတော့ သူတို့ လင်မယားက သိပ်အထင်သေးကြတာလားကွာ၊ ဘယ်မှာ ကြည့်လို့ရလိမ့်မလဲ… သူတို့က ဗမာဝတ္ထုတို့ မဂ္ဂဇင်းတို့

mgyoe.com

mgyoe.com


ဆိုတာများတော့ တစ်လုံးမှ ဖတ်မကြည့်ဘဲနဲ့ကို နှာခေါင်းရှုံ့ အထင်သေးနေကြတာကွ။

"မိန္တယ်ဆိုတာလည်း ဆယ်တန်းသာ မအောင်တာ သူ့လင် ဘခိုင်ကိုင်လေ့ရှိတဲ့ အင်္ဂလိပ်စာအုပ် အထူကြီးတွေမှ ကောက်ကိုင်တာပဲ၊ ဒါပေမဲ့ သူတို့ဖတ်တဲ့ အင်္ဂလိပ်ဝတ္ထုတွေကလည်း အထင်ကြီးလောက်စရာ မဟုတ်ပါဘူးကွာ၊ တကယ့် ဝတ္ထုအစစ် စာပေအစစ်ကို သူတို့ မတွေ့ဖူးကြသေးပါဘူး။

"အေး... သူ့လင်က ရာထူးတော့ တစ်ထစ်ပြီးတစ်ထစ် တက်သကွ... အဲဒီလို ရာထူးတက်လေ ငါတို့နဲ့ ဝေးဝေးသွားလေပဲပေါ့"

အဖေပြောသမျှဖြင့် ဤမျှသာ သိခဲ့ရသော ဒေါ်ခင်နွယ်မြင့်ခိုင်နှင့် ကိုယ်တို့မှာ စတွေ့ရစဉ်ကပင် အဆင်မပြေ ဖြစ်ရသေးသည်ကိုလည်း ကိုယ်မမေ့နိုင်သေးပေ။

ဤအကြောင်းကို ဖော်ပြရာ၌ ကိုယ်တို့အရပ်ဓလေ့ဖြစ်သော ဆွေမျိုးတော်စပ်သည့်အလျောက် ခေါ်ဝေါ်ကြပုံများကို အလျင် ဖော်ပြရပေဦးမည်။

ကိုယ်တို့အရပ်မှ ဆွေမျိုးများကို ခေါ်ကြပုံမှာ မိခင်ဘက်မှ ဆွေမျိုးနှင့် ဖခင်ဘက်မှ ဆွေမျိုးကိုလည်း ခွဲခြားသိမှတ်ရလွယ်ပေသည်။

အချို့သော အရပ်ဒေသများတွင် 'ဦးလေး' ဟုခေါ်လျှင် ဖခင်ညီလား၊ မိခင်မောင်လား မသိရ၊ ထိုနှစ်ဖက်လုံးကိုပင် 'ဦးလေးဟု ရောခေါ်လိုက်တတ်ကြသည်။ 'အဒေါ်' ဆိုလျှင်လည်း မိခင်နှင့် ညီအစ်မလား... ဖခင်နှင့် မောင်နှမလား ခွဲခြား၍ မသိရတတ်ပေ။

ကိုယ်တို့အရပ်ကား ဤသို့မဟုတ်။ မိခင်၏ မောင်များကိုသာ ဦးလေး၊ ဦးကြီး ခေါ်ကာ ဖခင်၏ ညီများ အစ်ကိုများကို ဘ,ထွေး ဘကြီး ခေါ်ကြရသည်။

တစ်ဖန်... မိခင်ဘက်မှ ညီမကိုဆိုလျှင် ဒွေးလေး မိခင်၏အစ်မကို ကြီးတော် (ကျီးဒေါ်) ဟု ခေါ်၍၊ ဖခင်ဘက်မှ နှမများကို အရီး- အရီးလေး စသည်ဖြင့် ခေါ်ရမြဲ ဖြစ်သည်။

mgyoe.com

mgyoe.com

သို့သော် အဖေ့နှမငယ်ဖြစ်သော ဒေါ်ခင်နွယ်မြင့်ခိုင်အား ကိုယ်က အရီးလေးဟု ခေါ်မိသည်တွင်မူ ဒေါ်ခင်နွယ်မြင့်ခိုင်သည် သူ့အား ကင်းကိုက်သည်ဟု ထင်ရလောက်အောင်ပင် နာကြည်းခဲ့လေ၏။ ဤမျှလောက် ခေတ်နောက်ကျ၍ ရိုင်းစိုင်းသည်မှာ ကိုကိုမြတ်၏ သားပေမို့ပဲ ဟူ၍လည်း အဖေ့အား အပြစ်တင်သေးသည်။

ကိုယ့်ကိုလည်း သူ့အား အန်တီနွယ်ဟု ပြင်ဆင်ခေါ်ဝေါ်ရန် သင်ပြခဲ့လေ၏။

အန်တီနွယ်သည် အမေ၏ အသုဘကို သင်္ဂြိုဟ်ပြီးစီးသည်အထိ အထိုက်အလျောက် ကူညီခဲ့သည့်တိုင် ကိုယ်တို့အိမ်မှာမူကား မတည်းခိုခဲ့ပေ။ သူ့မိတ်ဆွေ နယ်ပိုင်ဝန်ထောက်၏ အိမ်မှာ တည်းခိုကာ ဆလွန်းကားကြီးနှင့်သာ မကြာခဏ ရောက်လာတတ်လေ့ရှိသည်။

ကိစ္စပြီး၍ ပြန်သွားပြီဆိုတော့လည်း အန်တီနွယ်အား ကိုယ်သည် မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့ရပြန်၏။

သို့ရာတွင် ကိုယ်နှင့် အန်တီနွယ်တို့ကား... ဤမျှနှင့် ရေစက်မကုန်နိုင်သေးပါချေ။ နောက်ထပ်၍ တွေ့ဆုံရသော ထိုအကြိမ်မှာ ကိုယ့်ဘဝအတွက် အကြီးဆုံးသော ပြောင်းလဲမှုကို ဖြစ်စေသောအချိန်လည်း ဖြစ်ပါလေသည်။

သာယာလှပသော ကိုယ့်ဘဝကလေးအား ကံဆိုးမိုးမှောင်တို့ ဝင်နောက်လေသော ထိုအချိန်မှာ အဖေတစ်ယောက် လည်ချောင်းမှာ အနာပေါက်ကာ အပြင်းအထန် နာမကျန်းဖြစ်ခဲ့သောအချိန်ပိုင်း ဖြစ်ပေသည်။

ကိုယ်သည် အဖေ့အား ဆေးရုံတင်ကာ တတ်စွမ်းသမျှ ပြုစုနေရသည်ဖြစ်ရာ စာကိုလည်း ဖြောင့်ဖြောင့် မရေးနိုင်တော့ပေ။ 'ဇော်မင်း' ဆိုသော ကိုယ့်ကလောင်မှာလည်း ယခုမှ လူသိများကာ တက်သစ်စမျှရှိသေးသည်။ အဖေကား အိပ်ရာထဲမှာ လဲသည့်နေ့မှစပြီး ကလောင်ကို လုံးဝ မကိုင်နိုင်တော့ပေပြီ။

ဤတွင် စာပေရေးသားမှုဖြင့် အသက်မွေးရသူများ၏ အာမခံချက်တစ်စုံတစ်ရာမရှိသော ဘဝသရုပ်မှာ ထင်းကနဲ ပေါ်လာတော့လေ၏။

mgyoe.com

mgyoe.com

တော်ရုံတန်ရုံ ဆင်းရဲဒုက္ခမျိုးကို ခံယူနေကျဖြစ်၍ ရိုးနေတော့သည်တိုင် သည်တစ်ကြိမ်တွင်မူ ကိုယ်တို့သားအဖမှာ ဆင်းရဲငတ်ပြတ်ခြင်း၏ဒဏ်ကို အလူးအလိမ့်မျှ ခံနေရတော့သည်။ အဖေ့အတွက် ထိုးဆေး သောက်ဆေးများ ဝယ်ယူရသည်ကလည်း တစ်မျိုးမို့ စားပွဲတင်နာရီ၊ သက္ကလတ်အင်္ကျီ၊ ပိုးလုံချည် စသည့် ပေါင်နှံရောင်းချ၍ ရနိုင်စကောင်းသော ပစ္စည်းများလည်း ကုန်လုနီးနီး ရှိလေပြီ။

ကိုယ့်အတွက်မှာ မထောင်းတာလှသော်လည်း နာမကျန်းဖြစ်နေသောအဖေ့အတွက်ကို ကိုယ်က ပိုမို စိုးရိမ်ကြောင့်ကြနေရ၏။ အဖေကလည်းသူ့ကိုယ်ထက်ပင် ကိုယ့်အတွက်ကို စိတ်ပူနေပုံရပေသည်။

မခံသာ မရပ်သာ ဖြစ်လာသည့်နောက်ဆုံး အချိန်အပိုင်းတွင်တော့အဖေသည် အန်တီနွယ်အား သံကြိုးရိုက်ကာ အခေါ်ခိုင်းလေ၏။ အန်တီနွယ်ရောက်လာချိန်မှာလည်း အဖေ့အား အသက်မီရုံသာသာမျှ ရှိပေသည်။

အဖေ နောက်ဆုံး မှာခဲ့သည့် မှာတမ်းကတော့ ကိုယ့်အား အန်တီနွယ်က ခေါ်ယူကာ ဆယ်တန်းအောင်ရုံမျှ ကျောင်းထားပေးပါရန်နှင့် ကိုယ်ကလည်း ဝါသနာကို အောင့်အည်းကာ (အသက်မွေးမှုအတွက်) ကျောင်းပညာကို ကြိုးစားသင်ယူစေလိုကြောင်းပင် ဖြစ်သည်။

သည်လိုနှင့် ကိုယ်သည် ကိုယ်တို့၏ အိမ်ငယ်ကလေးကို သော့ပိတ်ကာ ခြံနီးချင်းဖြစ်သော မမရီတို့ထံမှာ အပ်နှံခဲ့ပြီးနောက်၊ အဖေ့အား ရက်လည်ဆွမ်းသွပ်၍ ပြီးချိန်တွင်ပင် အန်တီနွယ်တို့ထံ လိုက်ခဲ့ရလေ၏။

## (၅)

အန်ကယ် ဦးဘခိုင်နှင့် အန်တီနွယ်တို့၏ စိတ်ရင်းသဘောရင်းမှာစင်စစ်အားဖြင့် မဆိုးလှပါချေ။

သို့သော် စနစ်ဇယား ကြီးမားလှသည်၊ တိကျလှသည် ဟူသောဂုဏ်ပုဒ်ကို အန်ကယ်ဦးဘခိုင်က ခုံခုံမင်မင် စွဲစွဲမြဲမြဲ ဆောင်ယူထားဘိသကဲ့သို့ ဇနီးသည် အန်တီနွယ်ကလည်း ခင်ပွန်း၏ စိတ်ကြိုက်စည်းမျဉ်းအတိုင်း မှန်ကန်တိကျဖြစ်ရလေအောင် ထိန်းသိမ်းကွပ်ကဲနိုင်ပါပေသည်ဟူသည့် ဂုဏ်တစ်လုံးကို မပျက်မကွက် ဆောင်ယူထားလိုသူ ဖြစ်နေသည်။

mgyoe.com

mgyoe.com

သို့မို့ကြောင့်လည်း အန်ကယ် ဦးဘခိုင်သည် သူ၏ ကိုယ်တိုင်မှအစ သူ၏ဇနီးနှင့် သားသမီးများအပြင် အစေခံအားလုံးသို့ တိုင်အောင် ကိုယ်စီ ကိုယ်စီ ကျင့်သုံး လိုက်နာရမည့် အချိန်ဇယားကို သူကိုယ်တိုင် ရေးဆွဲ ပေးအပ်ကာ ထားခဲ့ပေသည်။

မည်သို့ပင်ဆိုစေ ထိုစနစ်ဇယား၏ အကျိုးသက်ရောက်မှုမှာ ထိုအိမ်တွင် အိမ်စေအလုပ်သမားတို့ သက်တမ်းမရှည်ကြခြင်းနှင့် စည်းမျဉ်းများ အချိန်စာရင်းများကို အန်ကယ်ကိုယ်တိုင် မကြာခဏဆိုသလို ပြင်ဆင်ရေးဆွဲနေရခြင်းပင် ဖြစ်သည်ကိုတော့ ကိုယ်ရိပ်စားမိရပေသည်။

သူတို့၏ သမီး နှစ်ယောက် ဖြစ်ကြသော တင်နွယ်နွယ်ခိုင်၊ ခင်သွယ်သွယ်ခိုင် တို့ထံမှလည်း စက်ရုပ်ကလေးများသဖွယ် လှုပ်ရှားနေရခြင်းအတွက် ညည်းညူသံကလေးများကို ရံဖန်ရံခါ ကြားရတတ်သည်။

ကိုယ့်ထက်ပင် ၂ နှစ်မျှကြီးသေးသော သားအကြီးဆုံး ကိုတင်မောင်လှခိုင် တစ်ယောက်ကတော့ သူ့ဖခင်၏ စည်းမျဉ်းများအတွက် ဘယ်သောအခါမျှ ညည်းညူလေ့ မရှိပေ။ သူ့ဖခင်၏ စည်းမျဉ်း သတ်မှတ်ချက်များကို နည်းပရိယာယ် ကြွယ်ဝစွာဖြင့် လက်တစ်လုံးခြားကလေးမျှ ဥပဒေလွတ် လှည့်ပတ်လိုက်ခြင်း၊ တိတ်တဆိတ် ချိုးဖောက် ကျူးလွန်ခြင်းများကိုသာ ပြုမူတတ်လေ့ရှိလေသည်။

အချိန်ပြည့် ချမှတ်ပေးအပ်ထားသော စည်းကမ်းတွေထဲမှ သူ့ရည်းစားနှင့် ချိန်းတွေ့ရန် အချိန်ကို တင်နွယ်နွယ်ခိုင်တစ်ယောက်က ယူမိအောင် ယူတတ်ခြင်းကိုလည်း အိမ်စေတို့၏ တီးတိုးစကားများထဲမှ ကိုယ်တစ်စွန်းတစ်စ သိရလေသေးသည်။

ဤအိမ်ထက်တွင် အိမ်သားတစ်ယောက်ဖြစ်ရပြီဖြစ်သော ကိုယ့်အတွက်ကိုလည်း အန်ကယ်သည် အချိန်ဇယားတစ်ခု ရေးဆွဲသတ်မှတ်ပေးလေ၏။ အလွတ်ပညာသင်ကျောင်းတစ်ကျောင်းမှာလည်း ထားပေးခဲ့ပါသေးသည်။

ကိုယ်သည် မနေခဲ့ရဖူးသော အဆင့်အတန်းမျိုးနှင့် နေထိုင်ကာ စားကောင်းသောက်ဖွယ်တို့ကိုလည်း အချိန်မှန်မှန် စား၍ နေရပါ၏။

mgyoe.com

mgyoe.com


သို့ရာတွင် ကိုယ့်စိတ်သည် တစ်ရံတစ်ဆစ်ကလေးသော်မျှ နှစ်သိမ့်မှုမရရှိနိုင်သေးပါပေ။ ဤသို့ဆိုရာ၌ ကိုယ်အလွန်ငြီးငွေ့ခဲ့ပြီးဖြစ်သော ကျောင်းစာကို ပြန်လည် သင်ယူရခြင်းနှင့် လိုအပ်သည်ထက် ပိုနေသော စည်းမျဉ်းများ ထုံးစံဓလေ့များကို ဖျစ်ဖျစ်ညှစ်ညှစ် လိုက်နာနေရခြင်းက အကြောင်း မဟုတ်လှသေးပါ။

ကျောင်းသင်ပညာကို ကိုယ် ပေါက်ပေါက်ရောက်ရောက် မတတ်မြောက်ခဲ့ခြင်းနှင့် အထက်တန်းစားဟု ဆိုသော သူတို့၏ အပြုအမူ အနေအစားမျိုးအတိုင်း အချိုးမကျလှခြင်းတို့အတွက် ရှက်စရာ၊ သနားစရာ အနေအထားကား "သူ့မိဘက စည်းမဲ့ကမ်းမဲ့ မွေးထားခဲ့လေတော့ အနေအထိုင်လည်း မတတ်၊ ပညာလည်း မတတ်ရှာဘူးရှင်" ဟူ၍ သူတို့၏ အသိုင်းအဝိုင်းထဲမှာ အန်တီနွယ်က ပြောပြတတ်လေ့ရှိသော စကားလုံးတွေကတော့ ကိုယ့်အတွက် ထိခိုက်လှပေသည်။

သည့်ထက်ပို၍ ဆိုးသည်ကား အနုပညာနှင့် စာပေစိတ်ဓာတ်၏ သဘော သဘာဝကို သူတို့တစ်တွေ လုံးဝမသိရှိ နားမလည်နိုင်ကြခြင်း ပေတည်း။

သို့ရာတွင် ဤကိစ္စနှင့်ပတ်သက်၍ သူတို့ကိုယ်နှင့် သူတို့တော့ အလွန် နားလည်ကျွမ်းကျင်သည်ဟု ထင်မှတ်ကြပြန်သည်။

သို့ကြောင့်လည်း အန်ကယ်သည် ကိုယ့်အတွက် အချိန်စာရင်းဆွဲရာ၌ ကိုယ်၏ ဝါသနာကို အလွန်ပင် အခွင့်အရေးပေးသည့် အနေနှင့် တနင်္ဂနွေနေ့တိုင်းမှာပင် နံနက် ၂ နာရီမှ ညပိုင်း ၂ နာရီမျှအထိ ကိုယ့်အတွက် စာရေးချိန်ဟူ၍ သတ်မှတ်ထည့်သွင်းပေးခဲ့ပေသည်။

ပြီးတော့ ကိုယ်၏ စာပေရေးသားမှု အဆင့်အတန်းကို ကိုယ်ရရှိခဲ့သည့်ဝင်ငွေနှင့် တိုင်းထွာချိန်စက်ကာ တန်ဖိုးဖြတ်ခြင်းကိုလည်း ပြုပြန်သည်။

နှလုံးသားမှ ထိခိုက်လှုပ်ရှားလာသော ခံစားမှုကို ဦးနှောက်အသိဖြင့် အရအမိ ဖမ်းယူကာ တပင်တပန်း တခဲတယဉ်း အသက်သွင်း စူးစိုက်ယူရသော ဤအတတ်ပညာကို အချိန်ဖြင့် ကန့်သတ်ကာ အတိအကျ လိုက်နာစေ၍ မရစကောင်းသည်ကိုတော့ သူတို့ ဘာမျှမသိ။ စာပေတန်ဖိုးကို

mgyoe.com

mgyoe.com

ငွေနှင့် ပိုင်းဖြတ်၍ မပြည့်စုံ မမီမကမ်းနိုင်သေးသည်ကိုလည်း သဘော မပေါက်။

ကိုယ့်အိမ်မှာကဲ့သို့ ကိုယ် စာမရေးနိုင်တော့လည်း သူတို့အိမ်မှာ သက်သက်သာသာ နေရ၊ စားရ၍ ဝင်ငွေမရှာလိုတော့ခြင်းဟု လွဲမှားစွာ သဘောပေါက်ကြပြန်သည်။

ကိုယ်ကတော့ ရွှေမိုးငွေမိုး ရွာစေတတ်သော ဂါထာမန္တန်ကို ရွတ် တတ်သည်ဆိုသည့် သားအဖနှစ်ယောက်၏ ပုံပြင်ကိုပဲ မကြာခဏ သတိရ နေ၏။

ပုံပြင်ထဲတွင် ရွှေမိုးရွာစေတတ်သော ဂါထာကို ရွတ်တတ်သည့် ပုဏ္ဏားသားအဖနှစ်ယောက်အား လူဆိုးတွေက ဖမ်းမိထားကြကာ ဥစ္စာပစ္စည်း များ တောင်းခံကြသည်။ ဖခင်ပုဏ္ဏားကြီးက မိမိကို လွှတ်လိုက်လျှင် ပစ္စည်းဥစ္စာ ရှာဖွေ၍ မိမိသားကို လာရွေးပါမည်ဟု ကတိပြုရာ လူဆိုး တို့က လွှတ်လိုက်၏။

ပုဏ္ဏားကြီးက သွားခါနီးမှာ နက္ခတ်တို့ကို ကြည့်သေးသည်။ နက်ဖြန် မွန်းတည့်တွင် ရွှေမိုးရွာစေသော နက္ခတ်နှင့် ကြုံ၍နေ၏။ သို့သော် လူ့ သဘာဝကို နားလည်သော ပုဏ္ဏားကြီးက ဂါထာကို ရွတ်၍ ရွှေမိုးရွာအောင် မပြုလေနှင့်ဟု သူ့သားကို မှာကြားထားခဲ့သည်။ သားဖြစ်သူမှာ ဖခင်၏ စကားကို နားမထောင်၊ လူဆိုးတို့ထံမှ လတ်တလော လွတ်မြောက်စေခြင်း ငှာ ဂါထာကိုရွတ်၍ အစွမ်းပြလိုက်၏။ ရွှေမိုးရွာ၍ လူဆိုးတို့က အံ့သြ ဝမ်းသာ ကောက်ယူကြသည်။ သို့ရာတွင် လူတို့၏ လောဘမှာ အနားမသတ် နိုင်သည်ဖြစ်ရကား နောက်ထပ်၍ ဂါထာရွတ်ကာ ရွာစေခိုင်းကြပြန်၏။

ထိုအခါတွင်ကား နက္ခတ်လွဲသွားပြီဖြစ်၍ ရွှေမိုးရွာစေရန် မည်သို့မျှ မတတ်နိုင်စွမ်းတော့ချေ။ ဤတွင် လူဆိုးတို့သည် အလိုမပြည့်၍ သားဖြစ် သူကို သတ်လိုက်ကြလေ၏။

ယခုလည်း ကိုယ့်မှာ စာရေးရန် နက္ခတ်မကြုံတော့သည်ကို သူတို့ သဘောပေါက် နားလည်နိုင်ရန် မည်သို့ ရှင်းပြရမည် မသိတော့ပေ။

တနင်္ဂနွေနေ့တိုင်းမှာ စာရေးချိန် ပေးထားသည်ကို မရေးဘူးလားဟု

mgyoe.com

mgyoe.com



စစ်မေးခံရဖန်များတော့လည်း ကိုယ်သည် ဖျစ်ညှစ်ကုတ်ကတ်ကာ စာကို အတင်းရေး၍ ကြည့်မိပါသေး၏။

သည်လို ကိုယ်က စာရေးနေပြီ ဆိုပြန်တော့လည်း အန်ကယ်ဘခိုင်သည် ''ဘယ်လိုစေတနာ၊ ဘယ်လိုအကျိုးပြု ရည်ရွယ်ချက်မျိုးနှင့် ရေးသလဲ''ဟု တစ်ဆင့်တက်ကာ စစ်မေးပြန်တော့သည်။

သည်မေးခွန်းမှာ ကိုယ့်အတွက် အတော်အခံရခက်ကာ ခါးသီးအောင့်သက်လှပေသည်။

ကလောင်တစ်ချောင်းကို စွဲမြဲစွာ ဆုပ်ကိုင်ထားကြသည့် ကလောင်ရှင်တို့မှာ သာမန် ပုထုဇဉ်မျှသာ ဖြစ်ကြ၏။ သူတို့ကိုယ် တစ်ကိုယ်အနေဖြင့် ဆိုးချင်ဆိုးမည်၊ တေချင်တေမည်။ သို့သော် သူတို့သည် လူ့လောကအပေါ်မှာ စိတ်စေတနာအပြည့်အဝ ထားရှိကြခြင်းကိုတော့ သံသယမရှိထိုက်ဘူးဟု ကိုယ်ထင်သည်။

နောက်တစ်မျိုးကလည်း ကလောင်ရှင် ဆိုသော သတ္တဝါသည် မည်မျှလောက် သေးငယ်သိမ်နုပ်သော အတန်းအစား အခြေအနေထဲမှာပင် ရှိပါစေ၊ သူ၏ စိတ်ဓာတ်နှင့် ဆန္ဒကား အတိုင်းမသိ ကျယ်ဝန်းပြန့်ပြောလှပါလေသည်။

ဖြစ်များ ဖြစ်နိုင်မည် ဆိုလျှင်ဖြင့် သူတို့သည် လောကသုံးပါးလုံးကို လက်ဝါးထဲမှာ ထည့်ကာ ကိုင်တွယ် သွန်မှောက်၍ ထောင့်စေ့အောင်ကြည့်ရှုသုံးသပ်ပြီးလျှင် ကိုယ်မြင်သလို၊ ကိုယ်တွေ့သလို၊ ကိုယ့်ခံစားချက်မှာ တွယ်ငြိလာသလို ဖော်ထုတ်ရေးသား တင်ပြနေလိုသော သဘောဆန္ဒမျိုးလည်း ရှိကြပေသည်။

သူတို့သည် သစ်ငုတ်တိုအကြောင်း၊ အရက်တစ်ခွက်အကြောင်း၊ အရူးတစ်ယောက်အကြောင်း၊ လူဆိုးလူမိုက်ကြီးများအကြောင်း၊ ကမြင်းနီအကြောင်း၊ ဗြဟ္မာကြီးအကြောင်း စသည်အားဖြင့် အဆိုးရော အကောင်းပါ ဖြစ်ဖြစ်သမျှသော ခံစားထိတွေ့ချက်များ အားလုံးကိုပင် အရအမိ ရေးခြယ်တင်ပြလိုကြသည်။

သည်တော့ သူတို့ရေးသည့်စာသည် အကျိုးပြုစာပေဟု ကျဉ်းမြောင်း

mgyoe.com

mgyoe.com

စွာ သတ်မှတ်ထားသည့်အထဲမှာ အခါခပ်သိမ်းဆိုသလို ဝင်ဆံ့ချင်မှ ဝင်ဆံ့မည်။

သည်သဘောကို အန်ကယ်ဘခိုင်အား ကိုယ်ပြောပြချင်စိတ် မရှိ။ ပြောပြသည့်တိုင်အောင်လည်း သူလက်ခံချင်မှ လက်ခံမည်။ သည်တော့ ကိုယ်သည် မပြေလည် မကျေနပ်သောစိတ်တစ်ခုကို ပိုက်ထွေးကာ၊ စာတစ်ပုဒ်ကို ဖြောင့်ဖြောင့် မရေးနိုင်သော ဝေဒနာဖြင့် မည်မျှကြာရှည်အောင် ဆင်းရဲဒုက္ခ ရောက်ရပေဦးမည်နည်း။

စား ဝတ် နေရေးအားဖြင့် အဆင့်အတန်း မနိမ့်ကျသည့်တိုင်အောင်၊ ကိုယ် မမွေ့လျော်သော အသက်မွေးမှုမျိုးဖြင့် လုပ်ကိုင်နေထိုင်ရမည် ဆိုလျှင်လည်း ကိုယ့်စိတ်သည် အကျဉ်းကျကာ မလူးသာ မလွန့်သာ ရှိချေဦးတော့မည် အမှန်။

သည်တော့ ကိုယ်သည် ဆုံးဖြတ်ချက်တစ်ခုကိုဖြင့် ပြတ်သားစွာ ဆုံးဖြတ်ရပေမည်။

(၆)

စာအုပ်သေတ္တာငယ်တစ်လုံးနှင့် အဝတ်လွယ်အိတ်တစ်လုံးကို ကိုင်စွဲကာ ကိုယ်တို့မြို့ကလေးသို့ ကိုယ်ပြန်ရောက်လာချိန်တွင် ပထမဦးစွာ ပြုလုပ်မိသည်ကတော့ အဖေ၏ သင်္ချိုင်းဂူရှိရာသို့ တန်းတန်းမတ်မတ် လာခဲ့ရခြင်းပင် ဖြစ်သည်။

အဖေ၏ သင်္ချိုင်းဂူကလေးမှာ မြက်ပင်အနည်းငယ် ပတ်ဝိုင်းနေသည်မှလွဲလျှင် ထုံးဖြူဖွေးဖွေးနှင့် သစ်သစ်လတ်လတ်ပင် ရှိနေလေ၏။

ကိုယ်သည် နှမ်းရော်စ ပြုနေပြီဖြစ်သော မြက်ပင်စုစုပေါ်တွင် ကိုယ့်ပစ္စည်းကလေးများကို ချထားလိုက်ကာ အဖေ့ကို ရည်စူးပြီး ဦးသုံးကြိမ်ချလိုက်ရသည်။

"အဖေရဲ့ နောက်ဆုံးဆန္ဒကို မလိုက်လျောနိုင်တဲ့အတွက် သားကို ခွင့်လွှတ်ပါအဖေ"

သည်တော့လည်း ကိုယ့်စိတ်အာရုံဝယ် တမလွန်ဘဝမှ ကျေနပ်ခွင့်လွှတ်ဟန်ပြကာ ပြုံးနေသော အဖေ့ကို တွေ့ရသည် ထင်၏။

mgyoe.com

mgyoe.com

စာပေစိတ်ကို ကောင်းစွာ နားလည်နိုင်ခဲ့သောအဖေက ကိုယ့်ကို ခွင့်လွှတ်နိုင်လိမ့်မည်မှာ သံသယမရှိထိုက်ပါပေ။

ထို့နောက် ကိုယ်တို့ သားအဖနှစ်ယောက်လုံးအား နားလည်မှုရှိစွာ ပြုစုခဲ့ပေသော အမေ၏ သချိုင်းဂူသို့လည်း ကိုယ်က ဆက်လက် သွားရောက်ကာ ဦးချရပြန်၏။

မှောင်ရီစပြုတော့မှ ကိုယ့်အိမ်ကလေးသို့ ကိုယ်ပြန်လာသည်။

"ဟယ်... မောင်လေးရယ် ပြန်လာပြီ၊ မောင်လေးပြန်လာပြီ... ဝမ်းသာလိုက်တာကွယ်"

တစ်ဖက်အိမ်မှ မြင်လိုက်သော မမရီသည် ဝမ်းသာအားရ ပြေးလာကာ ကိုယ့်လက်တစ်ဖက်ကို တယုတယ ဆုပ်ကိုင် ဆီးကြိုလိုက်သည်။

မမရီမှာ ကိုယ်ရေးသားခဲ့သော မတောက်တခေါက် လက်ရာကလေးများကို နှစ်သက်စွာ လက်ခံဖတ်ရှုနေသူလည်း ဖြစ်ပါ၏။

သန့်စင်သော မေတ္တာမွန်နှင့် ထိတွေ့ရခြင်းဖြင့် ကိုယ့်စိတ်ဓာတ်မှာလည်း လန်းလန်းရွှင်၍ လာပေသည်။

ကိုယ်သည် ကာယိကဒုက္ခများ အားလုံးကို ရင်ဆိုင်ဝံ့ရဲသော အပြုံးဖြင့် ကိုယ့်အိမ်တံခါးကို ဖွင့်လှစ်လိုက်လေ၏။ မမရီ ထိန်းသိမ်းစောင့်ရှောက်ထားသော ကိုယ့်အိမ်ကလေးက လက်ရာမပျက် စောင့်ကြိုလျက်ပင် ရှိနေသည်။

ကိုယ့်အတွက် နေရာမှန်ဖြစ်သည့် ကိုယ့်ကမ္ဘာကလေးမှာ သာတောင့်သာယာ ရှိလှပေစွတကား။

ရှုမဝမဂ္ဂဇင်း

❖ ❖ ❖

mgyoe.com

mgyoe.com

# ငါ့ပိန္နဲပင် မပါစေနဲ့

(၁)

"စရိုက်နဲ့လျော်အောင် အလိုက်ဘာသာ ပျော်ကြရတယ် ဆိုတာလို ပေါ့ဗျာ၊ ကျုပ်တို့ သွားဦးမယ်ဗျို့ ကိုမြတ်သောင်း၊ တောင်ထဲက မိုးတွေလည်း ရွာနေပြီ၊ ထုံးထားဖို့ရာ အမြန်လုပ်ဖို့ကိစ္စ ရှိနေသေးတယ်"

"ဟုတ်ကဲ့... နောက်လည်း ဒီလိုပဲ မကြာခဏလာလည်ကြပေါ့ ဗျာ... ဒီမှာ ကိုသိန်းမောင်နဲ့ ကျုပ်တို့နှစ်ယောက်တည်း ရှိနေကြတာ၊ ခင်ဗျားတို့ ဒီမှာ လာနေကြမယ်ဆိုတော့ ကျုပ်တို့ ဘဝတူချင်း ဗမာလေးဦး ဖြစ်လာတာပေါ့ဗျာ... နေရာကျသဗျို့၊ အားကြီးဝမ်းသာတယ်"

ထီးတစ်လက်စီနှင့် အိမ်ပေါ်မှ ပြောပြောဆိုဆို ဆင်းသွားကြသော ကိုလှသိန်းနှင့် ကိုထွန်းအောင်တို့ကို အိမ်ပေါက်ဝမှ ရပ်ကျန်နေရစ်သော ကိုမြတ်သောင်းက ဝမ်းသာအားရ လှမ်းပြောလိုက်သည်။

ရှပ်အင်္ကျီလက်စည်းနှင့် မုံရွာချည်လုံချည်များကို ခပ်တိုတိုဝတ်ကာ ဖဲထီးကိုယ်စီဆောင်း၍ သူတို့ အလုပ်စခန်းရှိရာသို့ မိုးဖွဲဖွဲရွာနေစဉ် ခပ်သုတ်သုတ် ပြန်သွားကြသည်ကို နောက်မှ လှမ်းကြည့်ရင်း အတန်ကြာအောင် ငေး၍ နေမိသည်။ ကိုမြတ်သောင်းမှာ ဘာဝိထိမှ မကျဘဲ၊ ဘဝင်တွေသာ ကျနေလေသည်။

mgyoe.com